# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့၊ (15-9-2014) (၇၉၆၄)


နိုင်ငံရေးပြေလျှော့မှုများနှင့် နိုင်ငံရေးယဉ်ကျေးမှုသစ်များ အသက်ဝင်ရှင်သန်ရေးတို့ကို ခိုင်မာသည့် သန္နိဋ္ဌာန်ချ ဆောင်ရွက်နေခြင်းသည် ပြည်သူလူထုတစ်ရပ်လုံး အကျိုးခံစားရခြင်းကို အဓိကထားသည့် နိုင်ငံရေးစေတနာမှန် သက်သက်ဖြင့်သာ လုပ်ဆောင်နေခြင်းဖြစ်။

# လူငယ်များသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးများအတွက် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် ၂၀၁၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ်အခမ်းအနား သဝဏ်လွှာ**

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခါသမယတွင် မြန်မာပြည်သူ ပြည်သားများအားလုံး ဒီမိုကရေစီစဉ်ဆက်မပြတ်ထွန်းကားရေးအတွက် ဒီမိုကရေစီအလေ့အကျင့်ကောင်းများဖော်ဆောင်ရေးတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ၏ အနှစ်သာရ အသီးအပွင့်များကို အပြည့်အဝရရှိခံစားနိုင်ကြပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဒီမိုကရေစီကျင့်စဉ်များကို လိုက်နာကျင့်သုံးရန်နှင့် မြှင့်တင်ရန်ရည်သန်၍ စက်တင်ဘာလ ၁၅ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် စတုတ္ထအကြိမ်ရှိပြီဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို ကျင်းပခြင်းဖြင့် မိမိနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ကို ပြန်လည်သုံးသပ်ခွင့်ရရှိနိုင်သလို နိုင်ငံတွင်ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီတိုးမြှင့်ရေးနှင့် ခိုင်မာလာစေရေးတို့အတွက် ရည်ရွယ်သည့် အမျိုးသားအဆင့်အစီအစဉ်များထားရှိမှုကို ခိုင်မာလာစေရန် သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်မှုကိုလည်း ဖော်ပြရာရောက်ကြောင်း တွေ့ရှိရပါသည်။

ဒီမိုကရေစီဆိုသည်မှာ နိုင်ငံသားများက ၎င်းတို့၏လူမှုဘဝနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များတွင် တန်းတူပြောဆိုခွင့်ရရှိနိုင်သည့် အုပ်ချုပ်မှုပုံစံတစ်ခုပင်ဖြစ်ပါသည်။ ရွေးယခင်မှစ၍ လက်ခံထားသော ဒီမိုကရေစီ၏ အရေးကြီးသော သဘောစရိုက်လက္ခဏာမှာ ညီမျှမှုနှင့်လွတ်လပ်မှုပင်ဖြစ်ပါသည်။ ဒီမိုကရေစီကို ကျင့်သုံးသော နိုင်ငံတော်၏ အမြင့်ဆုံးအာဏာသည် ပြည်သူများက ပိုင်ဆိုင်ကြသဖြင့် ပြည်သူများ၏ စည်းစနစ်ရှိစွာ ပါဝင်ဆောင်ရွက်မှုသည် အလွန်အရေးကြီးသော အချက်တစ်ချက်ပင်ဖြစ်ပါသည်။

ဒီမိုကရေစီနှင့်အညီအုပ်ချုပ်မှုဆိုသည်မှာ အများပြည်သူတို့၏ဘဝတွင် ရွေးချယ်နိုင်မှုများစွာရှိစေရန် ဆောင်ရွက်ပေးနိုင်ရေးနှင့်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအစရှိသည်တို့ပါဝင်သည့် ပြည်သူတို့၏လိုအပ်ချက်များနှင့်လိုအင်ဆန္ဒများကို ဖြည့်ဆည်းဆောင်ကြဉ်းပေးနိုင်သည့် စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးခြင်းသာဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူအကြား အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့ဖြင့် ဟန်ချက်ညီညီဆောင်ရွက်ရန်လိုအပ်ပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# လယ်ယာကဏ္ဍ စိန်ခေါ်မှုများမှ ပြေလျှော့နိုင်ရေး



**ရာမည - သွေးမွန်**

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးလုပ်ငန်းအဖြစ် ကိုင်တွယ်လုပ်ဆောင်ခဲ့သည်ကို အများပြည်သူအသိပင် ဖြစ်သည်။ ကျေးလက်နေလူဦးရေ၏ ၂၉ ဒသမ ၂ ရာခိုင်နှုန်း ဆင်းရဲနွမ်းပါးလျက်ရှိရာ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့သည်။ မိမိတို့ ကျေးလက်နေ တောင်သူလယ်သမားများ နိုင်ငံနှင့်အဝန်း အဓိက စိုက်ပျိုးထုတ်လုပ်သော မိုးစပါးစိုက်ဧကပေါင်း ၁၇ သန်းနှင့် နွေစပါးစိုက်ဧကပေါင်း သုံးသန်း စုစုပေါင်းသန်း ၂၀ စိုက်ပျိုးလျက်ရှိသည်။ ဆန်ကိုသာ အဓိကထား၍ စားသုံးကြသော မိမိတို့ နိုင်ငံအဖို့ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရဓာတ်ပြည့်ဝစေသော စပါးသီးနှံသည် မြန်မာနိုင်ငံ၏ အသက်သွေးကြောပမာဖြစ်သည်။ မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုအတွက် ပဓာနကျသော စီးပွားရေးလုပ်ငန်းလည်းဖြစ်သည်။

မိမိတို့တောင်သူများသည် ကာလ ဒေသ ပယောဂတွင် နစ်မျောနေရာက နိုးထရန် လိုအပ်လာသော ၁၉၆၀ ဝန်းကျင်က အခြေအနေကို သတိပြုကြရမည်ဖြစ်သည်။ ဒေသမျိုးများ၏ ကောင်းခြင်းများ၊ ဒေသခံတို့ ခံတွင်းကြိုက်နှစ်သက်၍ စားကောင်းခြင်း၊ စိုက်စရိတ်သက်သာခြင်းတို့က ယနေ့ကာလတွင် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရင်ဆိုင်ရလျက်ရှိသည်။ တစ်နေ့က သတင်းစာပါ သတင်းတစ်ပုဒ်တွင် "အထွက်ကောင်းသော်လည်း ရောင်းချမှုခက်ခဲ၍ ပုလဲသွယ်စိုက်သူမရှိ" ဟူသော ခေါင်းစီးဖြင့် ဖတ်လိုက်ရသည်။ အကြောင်းပြချက်များမှာလည်း အာပူလာလျှာလွှဲသော စကားမျှသာဟု မိမိတွေးမိပါသည်။ စပါးသက်တမ်းတိုသည်ကိုပင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❑


အသွင်သစ်! SMART. စမတ် ရိုလာ ခြင်ဇကာ




ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်သော ကြောင့် နေရာယူ သက်သာသည်။

ပြတင်း/တံခါး တိုင်းတွင် တပ်ဆင်နိုင်သည်။

အိမ်အရောက် ဝန်ဆောင်မှုပေးသည်။

☎ 01-450 962,09-431 44178, 09-420097588

အလူမီနီယမ် နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

SMART. (စမတ်) ရုပ်မြင်သံကြား လူခေါ်ဘဲလ်






◆ အလွယ်တကူမဖြုတ်ယူနိုင်သော Outdoor Unit

◆ အိမ်တွင်းမှနေ၍ ပြင်ပမြင်ကွင်းကို အချိန်မရွေး ခလုတ်နှိပ်ကြည့်နိုင်သည်။

◆ ညဖက် အမှောင်ထဲတွင်လဲ မြင်နိုင်သည်။

☎ 01-450 783, 09-731 45701

ကြေးမုံ စာတည်းရှုထောင့် ၁၅-၉-၂၀၁၄ [တနင်္လာနေ့]

# မြစိမ်းရောင်ကျေးရွာစီမံကိန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၊ ပြည်နယ်ခွဲ နှစ်ခု၊ ခရိုင် ၆၀၊ မြို့နယ် ၃၃၀ နှင့် ကျေးရွာပေါင်း ၆၄၉၁၇ ရွာရှိပြီး နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြကာ ၂၉ ဒသမ ၂ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးကြသည်။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ မြို့ပြနှင့် ကျေးလက်သည် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဆိုသကဲ့သို့ အမှီသဟဲပြုနေ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည်။

ယမန်နှစ်ကကျင်းပခဲ့သည့် အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက “မြစိမ်းရောင်ကျေးရွာစီမံကိန်း”ဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံကိန်းဝင်ကျေးရွာများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဒေသခံပြည်သူများ၊ လူမှုအထောက်အကူပြုအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးအကောင်အထည်ဖော်နိုင်မှု၊ တရားဥပဒေစိုးမိုးမှု၊ ကျေးရွာသူ ကျေးရွာသားတို့၏ စိတ်အားထက်သန်မှု၊ ပညာရေးမြင့်မားလိုလားမှုနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ ဆောင်ရွက်နိုင်မှု စသည်တို့ ဖြစ်ထွန်းလာအောင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၁၁၅၀ ကို ရွေးချယ်အကောင်အထည်ဖော်ပေးလျက်ရှိသည်။

စီမံကိန်းဝင်ကျေးရွာများမှာ ကချင်ပြည်နယ်တွင် ၄၂ ရွာ၊ ကယားပြည်နယ်တွင် ၁၁ ရွာ၊ ကရင်ပြည်နယ်တွင် ၃၆ ရွာ၊ ချင်းပြည်နယ်တွင် ၂၄ ရွာ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၀၁ ရွာ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၁ ရွာ၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၁၆ ရွာ၊ မကွေးတိုင်းဒေသကြီးတွင် ၈၃ ရွာ၊ မန္တလေးတိုင်းဒေသကြီးတွင် ၈၃ ရွာ၊ မွန်ပြည်နယ်တွင် ၂၁ ရွာ၊ ရခိုင်ပြည်နယ်တွင် ၆၃ ရွာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၂ ရွာ၊ ရှမ်းပြည်နယ်တွင် ရွာပေါင်း ၂၆၀၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၉ ရွာ၊ နေပြည်တော်တွင် ၁၃ ရွာ၊ ပအိုဝ်းဒေသတွင် ငါးရွာ၊ ပလောင်ဒေသတွင် ငါးရွာ၊ ဓနုဒေသတွင် ငါးရွာ၊ ကိုးကန့်ဒေသတွင် ငါးရွာနှင့် နာဂဒေသတွင် ငါးရွာတို့ဖြစ်ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများကို ကျေးရွာတစ်ရွာအတွက် ကျပ်သိန်း ၃၀ သတ်မှတ်ထားပြီး ကျေးရွာ ၁၁၅၀ အတွက် ငွေကျပ် ၃၄ ဒသမ ၅ ဘီလီယံကို နိုင်ငံတော်မှ မတည်ထုတ်ပေးမည်ဖြစ်သည်။ သက်ဆိုင်ရာကျေးရွာ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်ရေးကော်မတီမှ သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်သည့်ချေးငွေအောင်သူကို ငွေချေးပေးမည်ဖြစ်သည်။

ရေနှင့်မြေသည် ကျေးလက်နေပြည်သူများ အားထားရာဖြစ်သည့်အတွက် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးပေး၍ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်း၊ မွေးမြူ ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အရင်းအနှီးမရှိ၍ ရေခြားမြေခြားသို့ သွားရောက်ငွေကြေးရှာရန် သွားရောက်မှုများ လျော့နည်းကျဆင်းလာမည်ဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ်များမှာ ပြည်တွင်းတွင် လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။ ထို့အပြင် ငွေကြေးရလိုမှုတစ်ခုတည်းသာ သိသည့် ရိုးသားဖြူစင်သည့် ကျေးလက်နေလူငယ်လူရွယ်များ လူကုန်ကူးခံရသည့်အဖြစ်များမှလည်း လွတ်ကင်းမည်ဖြစ်သည်။ ဤသို့ မြစိမ်းရောင်စီမံကိန်းကြောင့် ကျေးလက်ပြည်သူများ၏ စီးပွားရေးကောင်းမွန်တိုးတက်လာခြင်းအားဖြင့် ရေမြင့်ကြာတင့်ဆိုသကဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေးများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကျေးလက်နေပြည်သူတို့ ဘက်စုံတိုးတက်လာမည်ဆိုပါက မြို့ပြများ၏ ကုန်သွယ်ရောင်းဝယ်မှုများ မြင့်မားလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မည်ဟု ဆိုရမည်ဖြစ်သည်။

မြစိမ်းရောင်စီမံကိန်းအောင်မြင်ရေးနှင့် ရေရှည်ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဝင် ကျေးရွာသူ ကျေးရွာသားများ၊ ဒေသအကျိုးပြုလူမှုအဖွဲ့အစည်းများ၊ ပြည်သူကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပူးပေါင်းပါဝင်ပြီး အချိတ်အဆက်မိမိနှင့် ဟာကွက်မရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် အနာဂတ်ကာလတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့် မြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။ ။

## ဒိုက်ဦးမြို့မဈေးကြီး ယခင်နှင့်မတူပိုမိုစည်ကား

**ဒိုက်ဦး စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မြို့မဈေးကြီးမှာ အမှတ်(၁) ဈေးပိုင်းရပ်ကွက်တွင်ရှိပြီး အရှေ့ဘက်တွင် ကုန်သည်လမ်း၊ အနောက်ဘက်တွင် မင်းလမ်း၊ တောင်ဘက်တွင် စာတိုက်လမ်းနှင့် မြောက်ဘက်တွင် အထက(၁)ကျောင်းကြီးလမ်းအတွင်း တည်ရှိသည်။

ဈေးအတွင်း၌ အထည်ရုံ၊ ကုန်ခြောက်ရုံ၊ ကုန်မာရုံ၊ ကုန်စိမ်းရုံ၊ စားသောက်ရုံနှင့် သားငါး၊ ဈေးရုံများ ဆောက်လုပ်ထားရှိရာ ဈေးပတ်လည်တွင် ဈေးကောက်ရုံး၊ အခြားဈေးဆိုင်များနှင့် ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်များစုံလင်စွာဖြင့် နေ့စဉ်စည်ကားနေသည်။

အနယ်နယ်အရပ်ရပ်မှ ဈေးဝယ်လာသူများမှာ ကုန်းကြောင်း၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ မြင်းလှည်းနှင့် ဆိုက်ကား စသည်တို့ဖြင့် လာကြသူများဖြစ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းပေးရန် လိုအပ်နေပြီဖြစ်သောကြောင့် ရုံးဝန်ထမ်းများ ရုံးသွားရုံးပြန်၊ ကျောင်းသားများ ကျောင်းသွားကျောင်းပြန်ချိန်များ၌ ယာဉ်ထိန်းရဲတပ်ဖွဲ့များဖြင့် ကြီးကြပ်ပေးသင့်ကြောင်းကို မြို့မိမြို့ဖများက သုံးသပ်ပြောကြားချက်အရ သိရသည်။

**ဆရာခ(ဒိုက်ဦး)**




## စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ် ထောက်ပံ့

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းရုံးခန်းမ၌ စက်တင်ဘာ ၅ ရက်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ချီးမြှင့်သော လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အဖွဲ့ဝင်သားသမီးများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်(ငြိမ်း)က ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူ လေးဦးအားလည်း ထောက်ပံ့ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မီးမီး(လှိုင်)**

## ရွှေတိဂုံစေတီတော်သို့ ကမ္ဘာလှည့်ခရီးသည်လာရောက်မှု လစဉ်ပိုမိုများလာလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

ရွှေတိဂုံစေတီတော်ကြီးသို့ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်လာရောက်မှုမှာ လစဉ်တိုးတက်များပြားလာကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

လစဉ်ပိုမိုများပြားလာမှုတွင် ဇူလိုင်လအတွင်းက ၂၉၃၆၄ ဦး လာရောက်လေ့လာ ကြည်ညိုခဲ့ရာမှ သြဂုတ်လတွင် ၃၀၉၂၂ ဦး လာရောက်ခဲ့ပြီး စုစုပေါင်း ၁၅၀၀ ကျော် (၅ ဒသမ ၃ ရာခိုင်နှုန်း) ပိုများလာခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် သြဂုတ်လတစ်လတာအတွင်း ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုကြောင့် ဧည့်ဝင်ကြေးငွေကျပ် ၂၄၇၃၇၆၀၀၀ ရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၉၉၃ ဒေါ်လာကိုလည်း အလှူငွေအဖြစ် ရရှိခဲ့ကြောင်း သိရသည်။

အများဆုံးလာရောက်လည်ပတ်သော နိုင်ငံငါးနိုင်ငံတွင် ထိုင်းမှ ၇၉၀၇ ဦး၊ ကိုရီးယားမှ ၃၂၇၁ ဦး၊ တရုတ်မှ ၃၁၄၇ ဦး၊ ဂျပန်မှ ၂၇၉၆ ဦး၊ ဂျာမနီမှ ၁၆၈၄ ဦး စသည်ဖြင့် ပါဝင်ကြပြီး အနည်းဆုံးလာရောက်သော နိုင်ငံငါးနိုင်ငံတွင် ဒိန်းမတ်မှ ခုနစ်ဦး၊ ဘယ်လ်ဂျီယံမှ ၁၂ ဦး၊ ကိုလံဘီယာမှ ၂၀၊ နယ်သာလန်မှ ၂၄ ဦး၊ သီရိလင်္ကာမှ ၂၈ ဦး စသည်ဖြင့် ပါဝင်ကြခြင်းဖြစ်သည်။

ရန်ကုန်မြို့သို့ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည် တိုင်းလိုလို ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်ကြည်ညိုကြသည်။ ထိုသို့လာရောက်သောဧည့်သည်များအတွက် အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ဂေါပကအဖွဲ့က အခမဲ့ WiFi သုံးစွဲခွင့်ရရန် စီစဉ်ပေးခြင်း၊ ကူညီစောင့်ရှောက်ခြင်းတို့ဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် လာရောက်ကြည်ညို လေ့လာသော ကမ္ဘာလှည့်များကို ယခင်က ဧည့်ဝင်ကြေး ရှစ်ဒေါ်လာ သတ်မှတ်ကောက်ခံလျက်ရှိရာမှ ယခုနှစ်ဧပြီလမှစတင်ကာ ငွေကျပ် ၈၀၀၀ အဖြစ် ကောက်ခံလျက်ရှိကြောင်း သိရသည်။ ထိုသို့ လစဉ်ပိုမိုများပြားစွာ လာရောက်လေ့လာကြည်ညိုခြင်းကြောင့် စက်တင်ဘာလကုန်တွင် ယင်းပမာဏထက် ပိုမိုများပြားလာနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

ဟိုတယ်၊ မိုတယ်၊တည်းခိုခန်းသုံးပစ္စည်းမျိုးစုံ
ဖြန့်ချီပေးနေပါပြီ
SKILL - LINK
ဆက်သွယ်ရန်
Ph : 01 205212
09 5012271
09 5409180
09 5017043
အမှတ် ၁၇၊ အခန်း ၁၀၁(ပ-ထပ်)၊ အောင်သပြေလမ်း၊ ယုဇနပလာဇာအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

သီတင်းကျွတ် ခရီးစဉ်များ
AYARWADDY LEGEND TRAVELS & TOURS CO.,LTD
IATA
www.ayarwaddylegend.com

| | | | |
|---|---|---|---|
| 08 Oct - 12 Oct<br>ဘန်ကောက်-ပတ္တရား-အယုဒ္ဓယ<br>(၄ ညၤ ၅ ရက်) | 09 Oct - 13 Oct<br>ဗီယက်နမ်<br>(၄ ည၊ ၅ ရက်) | 11 Oct - 15 Oct<br>ဟောင်ကောင်-မကာအို-ရှန်ဇန်း<br>(၄ ည၊ ၅ ရက်) | 07 Oct - 17 Oct<br>ကိုရီးယား - ဂျပန်<br>(၁၀ ည၊ ၁၁ ရက်) |
| 10 Oct - 16 Oct<br>ကမ္ဘောဒီးယား - ဘန်ကောက်<br>(၆ ည၊ ၇ ရက်) | 08 Oct - 12 Oct<br>စင်္ကာပူ<br>(၄ ည၊ ၅ ရက်) | 12 Oct - 18 Oct<br>ပီကင်း-ရှန်ဟိုင်း-ကူမင်း<br>(၆ ည၊ ၇ ရက်) | 08 Oct - 22 Oct<br>ဥရောပ (၇) နိုင်ငံ<br>(၁၄ ည၊ ၁၅ ရက်) |
| 08 Oct - 15 Oct<br>ကမ္ဘောဒီးယား - လာအို<br>(၇ ည၊ ၈ ရက်) | 09 Oct - 12 Oct<br>မလေးရှား<br>(၃ ည၊ ၄ ရက်) | 07 Oct - 15 Oct<br>ဂျပန်<br>(၈ ည၊ ၉ ရက်) | သီရိလင်္ကာ ခရီးစဉ်<br>ဗုဒ္ဓဂယာ ခရီးစဉ် |
| 10 Oct - 16 Oct<br>ကမ္ဘောဒီးယား - ဗီယက်နမ်<br>(၆ ည၊ ၇ ရက်) | 09 Oct - 15 Oct<br>မလေးရှား - စင်္ကာပူ<br>(၆ ည၊ ၇ ရက်) | 09 Oct - 15 Oct<br>ကိုရီးယား<br>(၆ ည၊ ၇ ရက်) | ချင်းမိုင် ခရီးစဉ် |

ရန်ကုန် Tel : 01 - 252007~8, 377697, 250909 Fax : 01252007
မန္တလေး Tel : 0940269 4848, 098600 218 Fax : 011 201243
အမှတ် (၁၀၄)၊ ၃၇-လမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်

☆ ရွှေဖုံးမှ

မြန်မာနိုင်ငံသည် ဒီမိုကရေစီဆီသို့ ခိုင်မာသောဆုံးဖြတ်ချက် ရည်မှန်းချက်ဖြင့် လျှောက်လှမ်းခဲ့သည့် သုံးနှစ်တာကာလအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုများရရှိခဲ့ပြီးနောက် ယခုအခါ ဒီမိုကရေစီအတွက် အခြေခံအုတ်မြစ်ခိုင်မာလာစေရန်ရည်ရွယ်သည့် တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု(Third Wave)ကို ဆောင်ရွက်လျက် ရှိပါသည်။ ကျွန်တော်နှင့်အတူ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်နေကြသူများအနေဖြင့် နိုင်ငံရေးဖြေလျှော့မှုများနှင့် နိုင်ငံရေးယဉ်ကျေးမှုသစ်များ အသက်ဝင်ရှင်သန်ရေးတို့ကို ခိုင်မာသည့် သန္နိဋ္ဌာန်ချဆောင်ရွက်နေခြင်းသည် ပြည်သူလူထုတစ်ရပ်လုံး အကျိုးခံစားရခြင်းကို အဓိကထားသည့် နိုင်ငံရေးစေတနာမှန်သက်သက်ဖြင့်သာ လုပ်ဆောင်နေခြင်းဖြစ်ပါသည်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေကြရသည့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့် လူငယ်များပါဝင်ဆောင်ရွက်ရမည့် အရေးပါသည့်အခန်းကဏ္ဍကို မီးမောင်းထိုးဖော်ပြရန် ရည်သန်ကာ ယခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့၏ ဦးတည်ချက်အဖြစ် "ဒီမိုကရေစီဖော်ဆောင်ရေး လူငယ်များဝိုင်းဝန်းဆောင်ရွက်ပေး"၊ "Engaging Youth on Democracy" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပရခြင်းဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ၏ ငါးပုံတစ်ပုံမှာ အသက်(၁၅)နှစ်မှ (၂၅)နှစ်အတွင်းရှိသော လူငယ်များဖြစ်ပါသည်။ လူငယ်များသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးများအတွက် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်ဖြစ်ရာ လူငယ်ဦးရေ ၁၆ သန်းရှိသော ကျွန်တော်တို့နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများသည် အဆိုပါ လူငယ်များအပေါ်တွင် များစွာတည်မှီနေပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များစွမ်းရည်ပြည့်ဝစွာပါဝင်ဆောင်ရွက်နိုင်ရန် ကင်းထောက်အဖွဲ့များ ဖွဲ့စည်းလေ့ကျင့်ပေးခြင်းနှင့် ဘက်စုံထူးချွန်သောကျောင်းသားလူငယ်လူရွယ်များကို စခန်းသွင်းလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်တွင်လည်း လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိပါသည်။ ဒီမိုကရေစီအလေ့အကျင့်ဖြစ်သော အစုအဖွဲ့ဖြင့် စုပေါင်းဆောင်ရွက်တတ်ခြင်း၊ တာဝန်သိမှု၊ ကိုယ်တိုင်တာဝန်ယူမှုများဖြင့် လူ့အဖွဲ့အစည်းအကျိုးကို ဝိုင်းဝန်းဆောင်ရွက်တတ်ခြင်းတို့ကိုလည်း လူငယ်ထုအတွင်း ထွန်းကားလာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ယနေ့ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခါသမယတွင် မြန်မာ့လူငယ်ထုများအပါအဝင် ပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ထောင်နေချိန်တွင် အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ သဘောထားကြီးမှုများအခြေခံ၍ ပွင့်လင်းစွာ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပါဝင်ကြရန်နှင့် ဒီမိုကရေစီအရေးတွင် လူငယ်များပါဝင်နိုင်ရေးတို့ကိုလည်း တိုးမြှင့်လုပ်ဆောင်သွားကြပါရန် အားပေးတိုက်တွန်းလိုက်ရပါသည်။ ။

# မော်လမြိုင်တွင်ပြုလုပ်သော လူငယ်နှင့်ငြိမ်းချမ်းရေးဖိုရမ်၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း လူငယ်များနှင့်တွေ့ဆုံ ဆွေးနွေး

**မော်လမြိုင် စက်တင်ဘာ ၁၄**

စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်ရှိ လူငယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်သည့် လူငယ်နှင့် ငြိမ်းချမ်းရေးဖိုရမ်အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းတက်ရောက်၍ လက်ရှိဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။**(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အခြေအနေများကို ယနေ့ပြုလုပ်သည့် လူငယ်နှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဝေငှချင်ပါကြောင်း၊ အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်များ၊ နိုင်ငံရေးအင်အားစုများ၊ လက်နက်ကိုင်မဟုတ်သည့် တိုင်းရင်းသားကိုယ်စားလှယ်များအပြင် ပါဝင်သင့်၊ ပါဝင်ထိုက်သောသူများအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲကြီးကို ၂၀၁၄ ခုနှစ်မကုန်ခင်တွင် စတင်နိုင်ရန် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဆန္ဒရှိပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများအတွက် ပြည်သူများ၏အသံအားနားထောင်နိုင်ရန် ယခုပြုလုပ်သည့် ငြိမ်းချမ်းရေးဖိုရမ်များတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း။

မြန်မာနိုင်ငံရှိ လူငယ်များ၏ သမိုင်းကိုကြည့်ပါက လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် ဒီမိုကရေစီအရေးကြိုးပမ်းမှုတို့တွင် လူငယ်များသည် ရှေ့တန်းမှနေ၍ အစဉ်တာဝန်ကျေခဲ့သည်မှာ သမိုင်းသက်သေပင်ဖြစ်ပါကြောင်း၊ လူငယ်များအနေဖြင့် မိမိတို့၏စွမ်းအားများကို အသုံးချ၍ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်များတွင် တတ်စွမ်းနိုင်သည့် နေရာမှနေ၍ ပူးပေါင်းပါဝင်ရန် တိုက်တွန်းလိုပါကြောင်း၊ လက်ရှိမိမိတို့အားလုံးဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်သည် မိမိတို့နိုင်ငံသား တစ်ဦးချင်းစီအတွက် အလွန်အရေးပါသော ကိစ္စရပ်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးမရွေး၊ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော ကိစ္စဖြစ်ပါကြောင်း၊ ယနေ့ပြုလုပ်သည့် ငြိမ်းချမ်းရေးဖိုရမ်သို့ တက်ရောက်ကြသော မော်လမြိုင်နှင့် မွန်ပြည်နယ်ဒေသအသီးသီးမှ လူငယ်ခေါင်းဆောင်များအနေဖြင့်လည်း ထိရောက်သောလုပ်ငန်းစဉ်များချမှတ်နိုင်ရန် မျှော်လင့်ပါကြောင်း၊ မျိုးဆက်သစ်လူငယ်များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်သွားရန် အသင့်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် ဥပဒေကို လေးစားလိုက်နာမှသာလျှင် ငြိမ်းချမ်းမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိမှသာလျှင် ပညာရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အေးချမ်းစွာလုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံ၏ မီးရှူးတန်ဆောင်ပင်ဖြစ်၍ မိမိတို့နိုင်ငံတွင် လူငယ်များ၏ အင်အားကို လိုအပ်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကဏ္ဍတွင်သာမက ယနေ့ဖိုရမ်မှ လူငယ်များ၏တွေ့ရှိချက်များဖြစ်သော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။




ထို့နောက် ဖိုရမ်တက်ရောက်လာသော လူငယ်များက ဖိုရမ်မှရလဒ်များကို ဆွေးနွေးတင်ပြခဲ့ပြီး သိရှိလိုသည်များကို ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်တို့ထံသို့ မေးမြန်းခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာရင်ရင်နွယ်က မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များကို အပိုင်းနှစ်ပိုင်းခွဲ၍ တင်ပြခဲ့သည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ လူငယ်ခေါင်းဆောင်များ၊ လူထုအခြေပြုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများနှင့် စိတ်ပါဝင်စားသူလူငယ်များ တက်ရောက်ကြပြီး အခမ်းအနားကို ညနေ ၅ နာရီတွင် ရုပ်သိမ်းခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ လူငယ်များသိရှိစေရန်အတွက် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)က ကြီးမှူး၍ စက်တင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ မော်လမြိုင်မြို့ ပြည်နယ်ခန်းမနှင့် ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့တွင် နှစ်နေရာခွဲ၍ လေးရက်ကြာ လူငယ်နှင့် ငြိမ်းချမ်းရေးဆိုင်ရာသင်တန်းနှင့် ဖိုရမ်ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

□□□

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်း တရုတ်နိုင်ငံသို့ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင် စက်တင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် "တရုတ်-အာဆီယံ တရားမျှတမှုဆိုင်ရာဖိုရမ်" သို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးနှင့် အဖွဲ့ဝင်များအဖြစ် ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်၊ ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်ပြုံးပြုံးအေးတို့လိုက်ပါသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဝဝဝ






# အိုင်အက်စ်ကို တိုက်ခိုက်ရာတွင် အီဂျစ်နိုင်ငံသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ဟု ဂျွန်ကယ်ရီ ပြောကြား

**ကိုင်ရို စက်တင်ဘာ ၁၄**

အီရတ်နှင့် ဆီးရီးယားနိုင်ငံရှိ အစ္စလာမ္မစ်နိုင်ငံ (အိုင်အက်စ်) စစ်သွေးကြွများကို တန်ပြန်တိုက်ခိုက်ရာတွင် အီဂျစ်နိုင်ငံသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း ကိုင်ရိုမြို့သို့ အလည်အပတ်ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက စနေနေ့တွင် ပြောကြားလိုက်သည်။

အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းရေးအတွက် ညွန့်ပေါင်းအဖွဲ့တစ်ရပ်ကို ကျယ်ပြန့်စွာဖွဲ့စည်းရန် စည်းရုံးလှုံ့ဆော်မှု တစ်စိတ်တစ်ပိုင်းအဖြစ် အာရပ်အဖွဲ့ချုပ်အကြီးအကဲ နာဘိလ်အဲလ်-အာရေဘီ၊ အီဂျစ်သမ္မတ အဗ္ဗဒူလ်ဖာတက်ချ်အဲလ်-စီစီတို့နှင့် မစ္စတာ ဂျွန်ကယ်ရီက တွေ့ဆုံခဲ့သည်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး(အလယ်)နှင့် အီဂျစ်သမ္မတ (ယာအစွန်)တို့ တွေ့ဆုံဆွေးနွေးနေကြစဉ်။

၎င်းက ယခုအချိန်ထိ ထောက်ခံမှုရရှိထားသော အာရပ်၁၀ နိုင်ငံ၏ စာရင်းကို ထုတ်ဖော်ပြောဆိုခဲ့သော်လည်း ၎င်းတို့ ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့တွင် အီရန်နိုင်ငံပါဝင်ရေးကိုမူ ငြင်းပယ်ခဲ့သည်။

ညွန့်ပေါင်းအဖွဲ့တွင် ပါဝင်ရန် လက်မှတ်ရေးထိုးပြီးသည့် အာရပ် ၁၀နိုင်ငံမှာ အီဂျစ်၊ အီရတ်၊ ဂျော်ဒန်၊ လက်ဘနွန်၊ ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံတို့ဖြစ်ကြသည်။

ဝန်ကြီးကယ်ရီသည် ၎င်း၏ အရှေ့အလယ်ပိုင်းဒေသ နောက်ဆုံးခရီးစဉ်တွင် မစ္စတာ အာရေဘီ၊ သမ္မတ စီစီတို့နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အီဂျစ်နိုင်ငံသည် အထူးသဖြင့် ဆိုင်းနိုင်းရှိ အကြမ်းဖက်အုပ်စုများကို တိုက်ခိုက်ပြီးနောက် အကြမ်းဖက်ဝါဒကို ဆန့်ကျင်ရာတွင် ရှေ့တန်းနိုင်ငံတစ်နိုင်ငံဖြစ်လာပြီဟု ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမက်ဆူခရီက အိုင်အက်စ်နှင့် အခြားစစ်သွေးကြွအုပ်စုများအကြား တည်ရှိသော ဆက်ဆံရေးကို အရေးယူဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဘီဘီစီ။**

## တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မိုးသက်မုန်တိုင်းတိုက်ခတ် ခုနစ်ဦးသေဆုံး၊ သုံးဦးပျောက်ဆုံးလျက်ရှိ

**ချန်ဒူး စက်တင်ဘာ ၁၄**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ဇီချွမ်ပြည်နယ် လင်ရှွီစီရင်စုတွင် စက်တင်ဘာ ၁၃ရက်က ရုတ်တရက်မိုးအဆက်မပြတ် သည်းထန်စွာရွာပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် လူခုနစ်ဦးသေဆုံးကာ သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း လင်ရှွီစီရင်စုအုပ်ချုပ်ရေးဌာနက စက်တင်ဘာ ၁၄ရက်တွင် ပြောကြားသည်။

ဇီချွမ်ပြည်နယ် လင်ရှွီစီရင်စုတွင် နံနက် ၃နာရီမှ ည ၉နာရီအထိ အဆက်မပြတ်မိုးရွာခဲ့ရာ မြို့နယ် ၄၅ ခုတွင် မုန်တိုင်းအန္တရာယ်နှင့် တွေ့ကြုံကြရကြောင်း တာဝန်ရှိသူက ပြောကြားသည်။

**ကယ်တင်နိုင်**

စက်တင်ဘာ ၁၄ ရက်တွင် ဒေသတွင်းရှိ တာဝန်ရှိသူများက မုန်တိုင်းဒဏ်ခံရသော ပြည်သူ ၂၃၃၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး လူ ၆၀၄ ဦးကို ကယ်တင်နိုင်ခဲ့သည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဒေသတွင်းရှိ စိုက်ပျိုးမြေ ၂၆၉၄ ဧကခန့် ပျက်စီးဆုံးရှုံးပြီး ကျွဲနွားတိရစ္ဆာန် ထောင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။ ပျောက်ဆုံးနေသူများကိုလည်း ဆက်လက်ရှာဖွေလျက်ရှိသည်။ **ဆင်ဟွာ။**

## အိန္ဒိယတွင် စီးကရက်ဝယ်ပေးရန် ငြင်းဆန်သူလူငယ် အသတ်ခံရ

**နယူးဒေလီ စက်တင်ဘာ ၁၄**

အိန္ဒိယရဲတပ်ဖွဲ့က ၎င်းတို့သည် လူရမ်းကား လူသတ်သမားလေးဦးကို ရှာဖွေလျက်ရှိကြောင်း ပြောကြားသည်ဟု ယမန်နေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၎င်းတို့သည် ၎င်းတို့အတွက် စီးကရက်တစ်ဘူး ဝယ်ပေးရန် ငြင်းဆိုခဲ့သော ဆယ်ကျော်သက်လူငယ်တစ်ဦးကို သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ရန်ဂျန်အမည်ရှိ ၁၆ နှစ်အရွယ် ကျောင်းသားတစ်ဦးသည် ဗုဒ္ဓဟူးနေ့ညနေပိုင်းတွင် ကျူရှင်မှနေအိမ်သို့ ပြန်လာစဉ် အရက်မူးနေသော လူတစ်စုက ၎င်းကို တားဆီးခဲ့သည်။

လူငယ်က ၎င်းသည် အသက်မပြည့်သေးသည့်အတွက် ဈေးဆိုင်က ဆေးလိပ်ရောင်းပေးမည်မဟုတ်ကြောင်း ပြောသောအခါ အဆိုပါလူစုက ၎င်းကို တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။ ထိုဖြစ်ရပ်မှာ မြို့တော်ဒေလီ၏ ဘာရတ်နာဂါနယ်မြေအတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လူသတ်သမားများသည် မည်သူမည်ဝါတို့ဖြစ်သည်ကို သိပြီးဖြစ်ကြောင်း၊ ၎င်းတို့သည် သေဆုံးသူလူငယ်၏ အိမ်နီးချင်းများဖြစ်ကြောင်း၊ အလုပ်လက်မဲ့များဖြစ်ကြပြီး အနီးရှိ ပန်းခြံအတွင်း၌ ဖဲရိုက်၊အရက်သောက်၍ အချိန်ဖြုန်းနေကြသူများဖြစ်ကြောင်း၊လူငယ်လေးကို တိုက်ခိုက်စဉ်ကလည်း မူးနေကြကြောင်း ရဲအရာရှိတစ်ဦးက ဘီဘီစီသို့ ပြောသည်။

၎င်းတို့က ရန်ဂျန်ကို ထိုးကြိတ်ရိုက်နှက်ကာ ဓားဖြင့်ထိုးခဲ့သည်ဟု ရဲအရာရှိကပြောသည်။ ၎င်းကိုအနီးရှိ ဆေးရုံသို့ ပို့ပေးခဲ့သော်လည်း ရရှိထားသောဒဏ်ရာများကြောင့် သေဆုံးသွားခဲ့သည်ဟု ၎င်းရဲအရာရှိက ပြောသည်။ **ဘီဘီစီ။**

# အစ္စလာမ္မစ် အိုင်အက်စ်တပ်ဖွဲ့များအား တိုက်ခိုက်ရန် တပ်ဖွဲ့ဝင် ၆၀၀ ခန့် ဩစတြေးလျ စေလွှတ်မည်

**ဒါဝင် စက်တင်ဘာ ၁၄**

အရှေ့အလယ်ပိုင်းဒေသတွင်း၌ အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအတွက် တိုက်ပွဲဝင်နေသော သူပုန်အဖွဲ့များအား အီရတ်နိုင်ငံအတွင်း တိုက်ခိုက်နိုင်ရေးအတွက် အင်အား ၆၀၀ နီးပါးရှိသော ဩစတြေးလျတပ်ဖွဲ့ဝင်များကို စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံက ထုတ်ပြန်ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ တောင်းဆိုချက်အရ အာရပ်ပြည်ထောင်စုသမ္မတနိုင်ငံ (ယူအေအီး)၌ ဩစတြေးလျနိုင်ငံမှ တပ်ဖွဲ့ဝင်အများအပြားအား တုံ့ပြန်တပ်ဖွဲ့ချထားမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့က ပြောကြားသည်။

အာရပ်နိုင်ငံမှ နိုင်ငံပေါင်း ၁၀ နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၀ အရေအတွက်ရှိသော နိုင်ငံများအနေဖြင့် အမေရိကန်ပြည်ထောင်စုက ဦးဆောင်သော အာရပ်အစွန်းရောက်အဖွဲ့အစည်းများအား နှိမ်နင်းရေးအတွက် သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးထားပြီဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသအတွင်း လုံခြုံရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးတစ်ရပ်ကို ပြင်သစ်နိုင်ငံမှ ဦးဆောင်ကာ စက်တင်ဘာ ၁၅ရက်တွင် ကျင်းပမည်ဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျွန်ကယ်ရီသည် စက်တင်ဘာ ၁၃ရက် နှောင်းပိုင်းတွင် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ဆိုက်ရောက်လာမည်ဖြစ်ပြီး ယင်းမှာ ၎င်း၏ အရှေ့အလယ်ပိုင်းဒေသ လေးနိုင်ငံချစ်ကြည်ရေးအလည်အပတ်ခရီးအဖြစ် အိုင်အက်စ်အဖွဲ့အား ချေမှုန်းရေး ဦးတည်ခရီးစဉ်အပြီး ပြင်သစ်သို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**



အိုင်အက်စ်အကြမ်းဖက်သမားများအား တိုက်ခိုက်ရန် ဩစတြေးလျနိုင်ငံမှ တပ်ဖွဲ့ဝင် ၆၀၀နှင့်အတူ ဆူပါဟောနက် ဂျက်တိုက်လေယာဉ်ရှစ်စင်းလည်း ပါဝင်ကြမည်ဖြစ်သည်။

# ဘရာဇီး အမေဇုန်သစ်တောပြုန်းတီးမှုနှုန်း မြင့်တက်လာ

**ဆွာပေါ်လို စက်တင်ဘာ ၁၄**

ဘရာဇီးနိုင်ငံ အမေဇုန်မုတ်သုံသစ်တောများ ပြုန်းတီးမှုနှုန်းသည် ဒုတိယနှစ်အဖြစ် မြင့်တက်လာလျက်ရှိကြောင်း မကြာသေးမီက ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဘရာဇီးအစိုးရ၏ တရားဝင်ကိန်းဂဏန်းများအရ ၂၀၁၃ ခုနှစ် ဇူလိုင်တွင် ကုန်ဆုံးသော ၁၂လအတွင်း၌ သစ်တောများပြုန်းတီးမှုသည် ၂၉ ရာခိုင်နှုန်းမြင့်တက်လာသည်။



သစ်ပင်များခုတ်လှဲပြီးနောက် တွေ့ရသော အမေဇုန်သစ်တောအတွင်းမှ ကွင်းပြင်တစ်ခု

စိုက်ပျိုးရေးလုပ်ငန်းများ အများဆုံးတိုးချဲ့လုပ်ကိုင်လျက်ရှိသည့် ပါရာနှင့် မာတိုအရော့ဆိုပြည်နယ်များတွင် သစ်တောပြုန်းတီးမှု အကြီးမားဆုံးဖြစ်သည်ကိုတွေ့ရသည်။

ယင်းပြည်နယ်တို့၌ ဧရိယာစတုရန်းမိုင် ၃၉၀ ကျော်မျှ သစ်တောများ ရှင်းလင်းသွားခဲ့ပြီဖြစ်သည်။

ယမန်နှစ်၌ သစ်တောများ ပြုန်းတီးမှုသည် ၂၈ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု ဘရာဇီး အာဏာပိုင်များက ပြောသည်။

ဘရာဇီးအစိုးရက သစ်တောများပြုန်းတီးမှုကိုစတင်စာရင်းပြုစု မှတ်တမ်းတင်ချိန်မှစ၍ အဆိုးရွားဆုံးနှစ်မှာ ၂၀၀၄ ခုနှစ်ဖြစ်သည်။ ယင်းနှစ်တွင် သစ်တောဧရိယာ စတုရန်းမိုင် ၁၁၅၈၀ ဆုံးရှုံးခဲ့သည်။

သစ်တောပြုန်းတီးမှု ပြန်လည်ကြီးမားလာခြင်းသည် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ခြင်းအပြင် တရားမဝင်သစ်ပင်များ ခုတ်လှဲခြင်းနှင့် လမ်းများဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ် ထုတ်လုပ်သော ဆည်များ တည်ဆောက်ခြင်းကဲ့သို့သော ကြီးမားသည့် အခြေခံအဆောက်အအုံစီမံကိန်းများအနီးသို့ လူတို့က ကျူးကျော်ဝင်ရောက်လာခြင်းတို့ကြောင့် ဖြစ်သည်ဟု ဆိုသည်။ **ဘီဘီစီ။**

## ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းတွင် ကူးတို့သင်္ဘောတစ်စင်း နစ်မြုပ်

**မနီလာ စက်တင်ဘာ ၁၄**

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း လိုင်တီပြည်နယ်တွင် စက်တင်ဘာ ၁၃ရက်ညက ကူးတို့သင်္ဘောတစ်စင်းနစ်မြုပ်ရာ သုံးဦးသေဆုံး၍ ၂၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင် ရေတပ်ဖွဲ့က စက်တင်ဘာ ၁၄ရက်တွင် သတင်းထုတ်ပြန်သည်။

ခရီးသည် ၈၄ဦးတင်ဆောင်၍ မောင်းနှင်လာကြောင်း ၅၅ဦးကို ဘေးကင်းစွာ ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများကို ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ဖိလစ်ပိုင်ကမ်းခြေစောင့် တပ်ဖွဲ့နှင့် ဆူရီဂိုအိုမြို့ရှိ အရေးပေါ်ပြန်ကြားချက် ဝန်ဆောင်မှုဌာနက အမျိုးသားသဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုဌာနသို့ ပြောကြားသည်။ **ဆင်ဟွာ။**

ပြည်တွင်းရေးရာ

# လိုအင်ဆန္ဒများနှင့် ဖြစ်နိုင်ခြေ၊ ဖြစ်နိုင်စွမ်းများကို ပေါင်းစပ်ပေးသည့် အုပ်ချုပ်ရေးစနစ်သည် ဒီမိုကရေစီစနစ်ပင်ဖြစ်

**နေပြည်တော် စက်တင်ဘာ ၁၄**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့က နိုင်ငံတော်၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ မြို့နယ်အဆင့်ကော်မတီဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံရှင်းလင်းပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်အစိုးရသည် ပြည်သူက ရွေးချယ်ထားသည့်အစိုးရဖြစ်သည့်အားလျော်စွာ ပြည်သူဗဟိုပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့အစိုးရသည် ပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်ရမည်၊ ပြည်သူ့ဆန္ဒကိုဦးစားပေးရမည်၊ ပြည်သူတို့၏ သဘောထားများကို အထက်အောက်ညှိနှိုင်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လိုအင်ဆန္ဒများနှင့် ဖြစ်နိုင်ခြေ၊ ဖြစ်နိုင်စွမ်းများကို ပေါင်းစပ်ပေးသည့်အုပ်ချုပ်ရေးစနစ်သည် ဒီမိုကရေစီစနစ်ပင်ဖြစ်ပါကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းဖြင့် ဒီမိုကရေစီစနစ်တည်ဆောက်၍မရနိုင်သဖြင့် ပြည်သူအားလုံးက ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ပြည်သူ့အစိုးရဖြစ်ရန် နိုင်ငံရေးစနစ်သာမက စီးပွားရေးစနစ်ကိုပြုပြင် ပြောင်းလဲရမည့်အပြင် အုပ်ချုပ်ရေးကဏ္ဍကိုပါ ပြုပြင်ပြောင်းလဲကြရမည်ဖြစ်ပြီး ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိစေရန် အရာအားလုံးကို ပြုပြင်ပြောင်းလဲကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၏ စိတ်နေစိတ်ထားကိုလည်း ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း။

စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ပုဂ္ဂလိကအခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အဓိကအကျဆုံးသည် သန့်ရှင်းသည့်အစိုးရ၊ ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ပင်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ရှိရမည်၊ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ရှိရမည်ဖြစ်ပြီး ၎င်းတို့နှင့်အတူ အသိပညာမြင့်မားမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ပါ ယှဉ်တွဲပါလာရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရသာမက ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး လူမှုရေးအဖွဲ့အစည်း (Civil Society) များသည်လည်း မဖြစ်မနေပါဝင်ကြရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်သည့် အစိုးရအပါအဝင် ပြည်သူအားလုံးသည် တရားဥပဒေကို လေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍတွင် အမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေများကို တိုးမြှင့်သုံးစွဲလျက်ရှိပြီး မူလတန်း၊ အလယ်တန်းပညာရေးကို အခမဲ့ပညာရေး စနစ်ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေး ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကြမ်းကိုလေ့လာလျှင် တွေ့မြင်နိုင်ပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံတော်ဘဏ္ဍာငွေများ ပိုမိုတိုးမြှင့်သုံးစွဲလျက်ရှိပြီး ကျန်းမာရေးကဏ္ဍကိုလည်း ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် သန်းခေါင်စာရင်းကောက်ယူပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ရမည်ဖြစ်ပါကြောင်း။

ပြည်သူက ရွေးချယ်ထားသည့် အစိုးရသည် ပြည်သူနှင့် နီးကပ်စွာတွေ့ဆုံပြီး ပြည်သူတို့၏ အခက်အခဲများကို ဖြေရှင်းပေးရန်လိုအပ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီနိုင်ငံတော်ဖြစ်လာရန် အနာဂတ်မျိုးဆက်သစ်များအတွက် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲရာတွင်



ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပီပြင်စွာပြောင်းလဲနိုင်ရန် ရပ်ကွက်/ကျေးရွာနှင့် မြို့နယ်အထောက်အကူပြုကော်မတီများအပါအဝင် တက်ရောက်လာသည့် ပြည်သူများပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မကွေးတိုင်းဒေသကြီးသည် ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်နေကြရကြောင်း၊ ထို့အတူ မိမိတို့နိုင်ငံကိုလည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။

စိုက်ပျိုးထုတ်လုပ်မှု အတန်အသင့် တိုးတက်လာသည်ကို ရောင့်ရဲမနေဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်သည့်အခွင့်အလမ်းကို ရှာဖွေကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲရာတွင် ပြည်သူနှင့် ရင်းနှီးစွာတွေ့ဆုံပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အမြင်ချင်းဖလှယ်ရေးသည် အရေးကြီးပါကြောင်း၊ လိုအပ်မှုဆန္ဒများနှင့် တာဝန်ပေးခိုင်းစေ၍ တာဝန်ယူမှုများတွင် အမြင်မတူပါကြောင်း၊ ထို့ကြောင့် အမြင်ဖလှယ်ရေးသည် အရေးကြီးပါကြောင်း၊ အမြင်တူညီနိုင်ရန် ပေါင်းစပ်ညှိနှိုင်း ကြရမည်ဖြစ်ပါကြောင်း။

တစ်အိမ်ထောင်ချင်း၊ တစ်ဦးချင်းဝင်ငွေ တိုးတက်လာရန် ဒေသတွင်း ပူးပေါင်းတိုင်ပင်ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင်လည်း အရေအတွက်သာမက ကုန်ထုတ်လုပ်မှုတိုးတက်ရန်လိုအပ်ကြောင်း၊ ကုန်ကြမ်းနှင့် ကျွမ်းကျင်လုပ်သားများရရှိနိုင်ရန် ကူညီဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း။

လူ၊ ငွေကြေး၊ ပစ္စည်းများကို ထိရောက်စွာစီမံခန့်ခွဲရန်နှင့် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိရေးသည် အရေးကြီးပါကြောင်း၊ မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ ပေါင်းစပ်ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ ပြည်သူဗဟိုပြုစနစ်ဖွံ့ဖြိုးရန်၊ ပြည်သူပါဝင်သည့် စီမံခန့်ခွဲမှုပုံသဏ္ဌာန်ကို လက်တွေ့ကျကျ ကူးပြောင်းရန်လိုအပ်ပါကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် ဌာနဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးပါကြောင်း။

မြို့ပြစီမံကိန်းရေးဆွဲရာတွင် သက်ဆိုင်ရာအစိုးရ၊ သက်ဆိုင်ရာလွှတ်တော်သို့ တင်ပြပြီး အပိုင်းလိုက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အခြေခံအုတ်မြစ်ခိုင်မာမှုနှင့် လိုအပ်ချက်များကို စဉ်းစားဆောင်ရွက်ရန်လိုအပ်ပြီး အသိအမြင်ကြွယ်ဝရန်လည်း လိုအပ်ပါကြောင်း၊ ပြည်သူများနှင့် ထိတွေ့ဆွေးနွေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မိမိတို့ဆွေးနွေးချက်များကို ပိုမိုကျယ်ပြန့်စွာ ဆက်လက်လုပ်ဆောင်ပေးရန် ဆွေးနွေးလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများက မိမိတို့ဒေသဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်းတို့သည် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့မိမြို့ဖများ၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအားတွေ့ဆုံပြီး နိုင်ငံတော်၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

MYANMAR SUPER RED DRAGON CO.,LTD.



မြစ်သဲ၊ ကျောက်စရစ် နှင့် မြေကြီးများပို့ဆောင်ရာတွင် အသုံးပြုသည့်
Dump Truck နှင့် စက်ယန္တရားများကို တစ်နေရာထဲတွင်
သက်သာသောဈေးနှုန်းများဖြင့်ဝယ်ယူနိုင်ပါသည်။
ဆက်သွယ်ရန်- အမှတ်(၁၅)၊ ကျန်စစ်သားလမ်းမကြီး၏အတွင်းလမ်း၊ ကျန်စစ်သားစက်မှုဇုန်၊(ရွာသာကြီး DENKO ဆီဆိုင်အနီး) ဒဂုံမြို့သစ်တောင်ပိုင်း၊ရန်ကုန်မြို့။
အမှတ်(၁၃၄)၊ အောင်ဇေယျလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ PH - 01 700956, 09 448026388, 73104046

APEX ASIA Medical Center
ကာကွယ်ကုသ ကိုယ်စိတ်ကျန်းမာ ယုံကြည်အားထားရာ
Apex Asia Medical Center....
မိမိ၏အသက်အရွယ်ကျား/မ မမွေးဖြစ်ပွားလာနိုင်ခြေရှိသောရောဂါအကြောင်းရင်းခံများကို ချိန်ထိုးဆန်းစစ်ထားသော မိမိအတွက် စစ်ဆေးသင့်စစ်ဆေးထိုက်သော Health Check များကို AAMC တွင် စစ်ဆေးခြင်းဖြင့် မိမိ၏ ကျန်းမာရေးကို မိမိကိုယ်တိုင် ဂရုစိုက်ပါ။
1. Basic Health Check-up (Male/Female) အခြေခံကျန်းမာရေးစစ်ဆေးမှု (အမျိုးသား/အမျိုးသမီး)
2. Essential Health Check-up (Male/Female) အသက်အရွယ်ကျားမအလိုက် စစ်ဆေးသင့်သော ကျန်းမာရေး ဆေးစစ်ဆေးမှုများ
3. Pap Mini Health Check နှစ်စဉ်စစ်ဆေး သားအိမ်ခေါင်းကင်ဆာကာကွယ်ရေး
4.Couple Health Check (Pre-marital) ချစ်ခရီးအစ၊ ကျန်းမာရေးစစ်ဆေးကြ
5. Employment Health Check လုပ်ငန်းခွင်ကျန်းမာရေးစစ်ဆေးခြင်း
6. Psycho-social Health Check လုပ်ငန်းခွင်စိတ်ဖိစီးမှုကြံ့ခိုင်မှု စစ်ဆေးခြင်း
7. Health & Safety Check for Food Handler အစားအသောက်ကိုင်တွယ်သူများအတွက် ကျန်းမာရေးနှင့်စိတ်ချလုံခြုံရေးစစ်ဆေးမှုများ



စမ်းသပ်ချိန် ဆွေးနွေးတိုင်ပင်ချိန် လုံလောက်စွာရရှိနိုင်သည့် နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရောဂါရှာဖွေကုသရေးစင်တာ
Office Hour (8:30am to 6:00pm except Sundays & Holidays)
No 33/2, Pyay Road, Yadanar Lane, 7 Mile, Mayangone Township, Yangon, Myanmar.
Tel : 01 662 801, 01 662 467, 09 73227 555 | 24 Hour Answering Line : 09 73227 666

GS MEDICAL CENTER
Physical & Rehabilitation Therapy
MACHINE AND SKILL COME FROM KOREA




လိပ်စာအပြောင်းအလဲ
GSMC ကိုရီးယားနည်းပညာဖြင့် အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးဆိုင်ရာ ကုသမှုများကို ရန်ကုန်မြို့ GS Medical Center တွင် ရရှိနိုင်ပါသည်။
တနင်္လာ မှ သောကြာ - မနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ
(စနေ - မနက် ၉ နာရီ မှ နေ့လည် ၁ နာရီအထိ)
အမှတ်(၁၅၈)၊ ဝေဇယန္တာ ဥယျာဉ်လမ်းသွယ်(၂)၊ ဝေဇယန္တာ ဥယျာဉ် အိမ်ယာ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် ၀၉-၄၂၁၁၃၃၁၇၀

# ပြုံးသူ အောင်နိုင်

ချစ်နိုင်(စိတ်ပညာ)

စိတ်ကူးထဲတွင် ကဗျာလင်္ကာတစ်ပုဒ်ပေါ်လာသည်။ သံဝေကလင်္ကာဟုလည်း ဆိုနိုင်ကောင်းပါသည်။ မှတ်သားမိသမျှမှာ-

“ချမ်းသာတစ်ခု၊ မက်မောမှုကြောင့်
ပုပုရွရွ၊ ကြိုးပမ်းကြလည်း
ဒုက္ခပင်လယ်၊ ကျယ်ထက်ကျယ်သည်
ရွယ်တိုင်း မမြောက်နိုင်ပါတကား။”

**သတင်းစာထဲမှာ**

တစ်နေ့က သတင်းစာထဲမှာ မူးယစ်ဆေးဝါး ဆေးပြားတစ်သိန်းကို ရဲတပ်ဖွဲ့က ရန်ကုန်မှာ ဖမ်းမိကြောင်း တွေ့ရှိရသည်။ နေထိုင်ရာအိမ်သို့ ထပ်မံရှာဖွေသောအခါ စိတ်ကြွဆေးပြား နှစ်သိန်းကျော် ထပ်မံဖမ်းဆီးရမိပြန်သည်ဆို၏။ စုစုပေါင်းစိတ်ကြွမူးယစ်ဆေးပြား သုံးသိန်းကျော်နှင့် ဘိန်းဖြူ ၃၅၀ ကီလို သိမ်းဆည်းနိုင်ခဲ့သည်။ လုပ်ငန်းများစွာ လုပ်ကိုင်နေသော လုပ်ငန်းရှင်ဖြစ်သည်။ ပိုင်ဆိုင်မှုများနှင့် စည်းစိမ်ဥစ္စာများမှာ ချမ်းသာကြွယ်ဝနေပါသည်။

မကြာသေးမီကပင် ကော့သောင်းအနီး ပင်လယ်တွင် တပ်မတော်(ရေ)က သင်္ဘောတစ်စင်းကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြားပေါင်းများစွာ ဖမ်းဆီးမိခဲ့ပေသေးသည်။ ယခင်ဖမ်းမိဖူးခဲ့သမျှ ဤတစ်ကြိမ်သည် အရေအတွက်အများဆုံးဖြစ်ကြောင်း သတင်းကဆိုလေသည်။ ပြည်တွင်းသို့ တင်သွင်းလာသည်ဖြစ်စေ၊ ပြည်ပသို့ တင်ပို့သည်ပင်ဖြစ်စေ ဤကဲ့သို့ စိတ်ကြွမူးယစ်ဆေးဝါးဆေးပြားများကို သယ်ယူရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းမှာ ဥပဒေအရ ပြင်းထန်သော ရာဇဝတ်ပြစ်မှု မြောက်လေသည်။ ထောင်ဒဏ် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်အပေးခံရနိုင်ဖွယ်ရှိပါ၏။ သို့သော် အမြတ်များလှသော ဤစွန့်စားမှုကို လောဘအမိုက်အမှောင်ဖုံးကာ ပါဝင်လုပ်ကိုင်နေကြသည်။

**မူးယစ်**

မူးယစ်ဆေးဝါးစွဲခြင်းကြောင့် နိုင်ငံကျော်ရုပ်ရှင်မင်းသားများ ဆေးလွန်ပြီး ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သည်။ တေးဂီတလောကမှ အဆိုတော်များ၊ တီးဝိုင်းအတီးသမားများ အသက်သုံးဆယ်ကျော်အောင်ပင် မနေလိုက်ရ သေဆုံးကုန်ကြ၏။ တရားဥပဒေကားမည်သူ့ကိုမျှ မျက်နှာကြီးငယ်မလိုက်သဖြင့် နိုင်ငံကျော်ရုပ်ရှင်မင်းသားလည်း ထောင်ကျ၏။ နိုင်ငံကျော်အဆိုတော်လည်း ထောင်ကျ၏။

အရက်နံ့နစ်ပြီး သေဆုံးခဲ့သူများ နိုင်ငံကျော်စာရေးဆရာတွေထဲမှာ များစွာရှိ၏။ အရက်ကြောင့်ဒုက္ခနံ့နစ်ရာရသူများ အနုပညာလောကတွင် ရေတွက်၍မကုန်နိုင်အောင် များ၏။ အရက်ထက်ဆိုးသည်မှာ ဘိန်းဖြူဖြစ်၏။ လူကို အနေးနှင့်အမြန် ကျန်းမာရေးကို ယိုယွင်းစေပြီး လူညွန့်တုံးစေ၏။ မြန်မြန်သေလွယ်၏။

**စိတ်ကြွရူးသွပ်**

ယခုအခါ ပေါ်ပေါက်သုံးစွဲနေကြသော ရာမ ခေါ် ရေခဲခေါ် စိတ်ကြည်ဆေးပြားဆိုသည်ကား အထက်ဖော်ပြပါ မူးယစ်ဆေးများထက် အဆပေါင်းများစွာဆိုးကျိုးပြင်းထန်လှ၏။ စိတ်ကြွရုံမျှသာမက ဦးနှောက်လုပ်ငန်းကိုပါ ကစဥ့်ကလျားဖြစ်စေလောက်အောင် ဖျက်ဆီးသဖြင့် ရူးသွပ်ဆေးပြားဟု ခေါ်ရ၏။ ဤစိတ်ကြွရူးသွပ်ဆေးပြားကလည်း တစ်ပြားမှ နှစ်ပြား၊ တစ်ကြိမ်မှ နှစ်ကြိမ် စမ်းသပ်သုံးစွဲကြည့်လိုက်ရုံမျှနှင့် လူငယ်များကို အထူးငြိမ့်သဖြင့် စိတ်ကြည်ဆေးဟု ထင်မှတ်ကာ အရူးအမူးဆွဲဆောင်၏။ စွဲစေ၏။

စိတ်ကြွရူးသွပ်ဆေးပြားကိုသာ တာရှည်သုံးစွဲပါက ဘယ်ဗေဒင်လက္ခဏာဆရာကိုမှ မေးမနေနှင့်၊ သေဖို့ရာသာ ပြင်ပေရော့။ အမြန်သေမည် သေချာသည်။ သို့ရာတွင် မသေခင် ရူးရသည်က အထူးစိတ်ထိခိုက်စရာ ပိုကောင်း၏။ အမိကို အမိမှန်းမသိ၊ အဖကို အဖမှန်းမသိ၊ ဦးနှောက်မှတ်ဉာဏ်ပျက်စီးချို့ယွင်းသွားပြီ။ နေ့ကို နေ့မှန်းမသိ၊ ညကို ညမှန်းမသိ၊ မိမိဘယ်မြို့ ဘယ်ရွာမှာ ရှိနေမှန်းလည်း မသိ။ အမှန်အမှား အကောင်းအဆိုးလည်းမသိ။ ဆေးသုံးရလျှင် ငြိမ့်နေမည်။ ဆေးပြတ်လျှင် ယင်းထသည်ဟုဆိုသော ရူးကြောင်သောင်းကျန်းခြင်းသို့ ရောက်တော့သည်။ ထိန်းမနိုင် သိမ်းမရ ဒေါသကြီးမည်။

**လက္ခဏာ**

နီးရာကို ဆဲဆိုမည်။ သူတစ်ပါးကိုရော မိမိကိုယ်ကိုပါ နာကျင်အောင် အကြမ်းဖက်မည်။ ရူးသွပ်ခြင်းဟူသည် စာတွေ့သဘောမဟုတ်၊ ဦးနှောက်လုပ်ငန်းကို ထိပါးပျက်စီးစေသော “စိတ်ကြွရူးသွပ်ဆေးပြား”ဖြစ်သဖြင့် သူတစ်ယောက်သာမက မိသားစု၊ မိဘ၊ ညီအစ်ကိုမောင်နှမ၊ သားမယား မကျန် အားလုံးကို မသေမချင်းနှိပ်စက်ဒုက္ခပေးပါလေတော့သည်။ အသိစိတ်လုံးလုံး ကင်းဆိတ်သုဉ်း။

စိတ်ကြွမူးယစ်ဆေးဝါးစွဲသော လူငယ်လေးများမှာ ကြောက်စရာကောင်းရုံမျှမက ထိတ်လန့်တုန်လှုပ်ဖွယ်ပင်ကောင်းအောင် ဆိုးရွားလှပါသည်။ ဤမျှအန္တရာယ်ကြီးမားသော အရာမျိုးသည် မြို့ရော တောပါ တောမီးပမာ ပျံ့နှံ့နေ၏။

မိကောင်းဖခင်သားသမီးတိုင်းက တစ်ဦးချင်းကိုယ်စီ အသိစိတ်ဖြင့် ရှောင်ကြဉ်ကြရမည်။ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူတိုင်း နားလည်သိမြင်စေအောင် ဟောပြောပွဲ၊ သရုပ်ပြပွဲ၊ ပညာပေးပြပွဲစသည်များဖြင့် ဆောင်ရွက်နေကြရပါမည်။

**သတိထား**

မိဘတိုင်းက မိမိတို့၏ သားသမီးများ အချိန်မှန်မှန် စားရဲ့လား၊ အချိန်မှန်မှန်အိပ်ရဲ့လား၊ ပုံမှန်စာကျက်ခြင်း၊ စာဖတ်ခြင်းပြုလုပ်ပါရဲ့လား၊ ကျောင်းက ဆရာ ဆရာမ ပေးလိုက်သည့် ယနေ့အိမ်စာ ဘယ်ဘာသာက သင်ခန်းစာဖြေခဲ့ရမှာလဲ။ သားသမီးက ဖြေနိုင်ရဲ့လား၊ ဖြေတတ်ရဲ့လား၊ စိတ်ပါလက်ပါ ကျောင်းစာကို စိတ်ဝင်စားပါရဲ့လား။ မျက်လုံးကြည့်ပုံ ကြောင်တောင်တောင်၊ ငိုင်တိုင်တိုင်ဖြစ်နေသလား၊ စကားပြောပုံ ညောင်နာနာဖြစ်နေသလား၊ သူတစ်ပါးနှင့် ပြောဆိုဆက်ဆံရာတွင် ခါတိုင်းထက် ခက်ထန်တင်းမာနေသလား၊ ဒေါသကြီးလွယ်နေသလား၊ ဘာမဟုတ်တာလေးနှင့် စိတ်တိုစိတ်ဆတ် သို့မဟုတ် စိတ်ဓာတ်ကျဆင်းနေပုံရသလား အကဲခတ်နေရမည်။

စိတ်ညစ်သည့်ပုံပေါက်နေသလား။

မရွှင်မပျ ညှိုးနွမ်းငေးငိုင်နေသလား။

မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲထားသူသည် ပုံမှန်အနေအထားမရှိ၊ သိသာသော အမူအရာရှိတတ်ပါ၏။

**လူငယ်သဘာဝ**

လူငယ်များကို လွတ်လပ်ခွင့်ပေးရမည်။ သူတို့စားချင်တာ စားပါစေ၊ သွားချင်တာ သွားပါစေ၊ လုပ်ချင်တာ လုပ်ကြပါစေ။ လွတ်လပ်မှုကို လူငယ်တိုင်းက လိုလားကြ၏။ ထိုက်သင့်သလောက် လွတ်လပ်စေရမည် မှန်ပါ၏။ ကြည့်ချင်သည့်ရုပ်ရှင် ကြည့်ပါစေ၊ အသက် (၁၈) နှစ်အောက် ကြည့်ရန်မသင့်ဟူသော ရုပ်ရှင်ကားမျိုး၊ ဗီဒီယိုကားမျိုးကိုမူ မကြည့်စေရ။ ဂိမ်းကစားတာ မလွန်ကဲစေရ။

စားချင်သည့်အစာ စားပါစေဟု ဆိုသော်လည်း မင်းကွတ်သီးနှင့် သကြား၊ ဖရဲသီးနှင့် ဘဲဥ၊ စိန်နှင့်သံပရာကို တွဲဖက်ပြီးစားတာတော့ ခွင့်ပြု၍ မရပေ။ အသက် (၁၁) နှစ်မှ (၁၈) နှစ်အထိ အပျိုဖော်ဝင်စ ကြီးကောင်ငင်သော အရွယ်မှာ မိဘအုပ်ထိန်းသူက နေ့ညမပြတ် ထိန်းကျောင်းဆုံးမပေးရန် လိုအပ်ပါ၏။ မိဘနှင့်သားသမီးသည် အနှစ်နှစ်ဆယ်နီးပါး ခေတ်ကာလပတ်ဝန်းကျင်က ကွာခြားသွားသည်။ မျိုးဆက်ကွာဟမှုဟု ခေါ်ဆိုကြ၏။ တန်ဖိုး၊ နှစ်သက်မှု၊ အဝတ်အစား၊ ဖက်ရှင်၊ ပန်းချီ၊ ဂီတ၊ လူသုံးပစ္စည်း၊ ဒီဇိုင်း၊ စိတ်ကူးစိတ်သန်း၊ လေးနက်မှု စသည်တို့ကား မတူညီနိုင်ကြတော့ပေ။ သဘာဝပင်ဖြစ်၏။

**စံနမူနာပြသ**

အထိန်းအကွပ်ရှိရမည်။ ဘာသာတရားအဆုံးအမကို အမွေပေးရမည်။ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို အမွေပေးရမည်။ ပြောလည်း ပြောရမည်။ ကိုယ်တိုင်က စံနမူနာပြလည်း ပြသနိုင်ပါမှ သားသမီးအပေါ် သြဇာညောင်း၏။

အဖေက နေ့စဉ် အရက်မူးနေပြီး သားကို ဒုလ္လဘ ရဟန်းဝတ်ဖို့ ပြောဆို၍ ရမည်မထင်။

အမေက ဖဲဝိုင်းမှမထဘဲ သမီးကို ကာရာအိုကေ ဘာဘာညာညာ နေ့မှန်းညမှန်းမသိ သူငယ်ချင်းတွေနှင့် သွားလည်ပါ စေလွှတ်ထား၍လည်း မှန်မည်မထင်။

လက်ဦးဆရာ မည်ထိုက်စွာ အမိအဖတို့၏ သားသမီးအပေါ် ချစ်ခင်ယုယမှု၊ တန်ဖိုးလွှဲပြောင်းမှု၊ ကျင့်ဝတ်စည်းကမ်းရှိအောင် နေထိုင်တတ်စေမှုများက အရေးကြီးလှပါသည်။ တာဝန်ယူရပါမည်။

**စိတ်ပျက်စရာ**

ကိုရီးယားအခန်းဆက် ဇာတ်လမ်းတစ်ပုဒ်ပြသနေပါသည်။ အလယ်တန်းကျောင်းရှိ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ (၁၃)နှစ် (၁၄)နှစ်အရွယ် ကျောင်းသား ကျောင်းသူလေးများကို အဓိက ဇာတ်ကောင်ထားလျက် အခန်းဆက်တင်ပြနေပါ၏။ အတော်စိတ်ပျက်ဖို့လည်း ကောင်း၏။

ကျောင်းကြီးက ကောင်းလှပါ၏။

စာသင်ခန်းတွေက ခမ်းနား၏။

စုပေါင်းဟောခန်းမ၊ အားကစားခန်းမနှင့် အားကစားကွင်းများ ကောင်းလှပါ၏။

ရုပ်ဝတ္ထုပစ္စည်းတွေ အဆင့်မြင့်ပြီး ကောင်းမွန်ကြသလောက် မိဘများသည် မိဘဝတ္တရား အားနည်းလှ၏။ ဆရာမအချို့ ညံ့ဖျင်းလှ၏။

ကျောင်းသား ကျောင်းသူတွေကလည်း မတရားသဖြင့် အနိုင်ကျင့်၊ ချောက်ချ၊ လှောင်ပြောင်၊ ဝိုင်းပယ်၊ နှိပ်စက်၊ လိမ်ညာ၊ ခိုးဝှက်၊ မဟုတ်တရုတ်တွေကို လူ့ကျင့်ဝတ်ပျက်စီးစွာ ပြုမူနေကြပုံများ။

**အားမကျ**

ဇာတ်ရှိန်တက်အောင် ဇာတ်ညွှန်းနှင့် ဒါရိုက်တာက အခင်းအပျိုးပြသမျှ ဇာတ်ကွက်ဟူသမျှကား မြန်မာ့ယဉ်ကျေးမှုနှင့် ကွာခြားလှတော့၏။ ဆိုးရွားလှ၏။

ကျောင်းအဆောက်အအုံကြီး၊ အားကစားရုံကြီး မိုးပျံအောင် ကောင်းနေတော့ရော စိတ်ယုတ် စိတ်ပုတ်နှင့် ကျောင်းနေဖက် သူငယ်ချင်း အချင်းချင်း လှောင်ပြောင်နှိပ်စက်၊ အနိုင်ကျင့်၊ ဗိုလ်ကျ၊ စာရိတ္တယိုယွင်းနေကြပုံကြောင့် ဘာမျှ အားကျချင်စိတ်မဖြစ်မိ။

တိုင်းပြည်နှင့်လူမျိုးကို တိုးတက်အောင် ထူထောင် ကြိုးစားရမည်မှန်ပါသော်လည်း ကိုရီးယား၊ စင်ကာပူ၊ ဂျပန်တို့ဆီက အတုယူစရာကောင်းတာတွေ အများကြီးရှိတာမှာ မိမိတို့ရေမြေ သဘာဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ သမိုင်းအစဉ်အလာတို့နှင့် မဆီလျော်တာတွေကို စိစစ်ဝေဖန်ခွဲခြားပြီး တားဆီးစွန့်ပယ်တတ်ရမည်။

**ပညာပြည့်ဝ**

အမှန်အမှား၊ အကောင်းအဆိုး၊ အကျိုးအပြစ်ကို ဝေဖန်ခွဲခြားတတ်သော ပညာအရည်အချင်းရှိကြရပါမည်။ ပညာအရေးကြီးလှသည်။ ပညာဟူသော်ကား အကြောင်းအကျိုးကို သိခြင်းတည်း။

မူးယစ်နှင့် စိတ်ကြွရူးသွပ်ဆေးပြားမှအစ မိမိလူမျိုးနှင့် မဆီလျော်သော အမူအကျင့်အမျိုးမျိုးတို့ကို တွန်းလှန်ဖယ်ရှားနိုင်သော ဉာဏ်ပညာခွန်အား ပြည့်ဝထားရမည်။ အဓိကကား ဆင်ခြင်တုံတရား။

မကောင်းမှုဟူသမျှကို အပြုံးဖြင့် တားဆီးတွန်းလှန်နိုင်ရမည်။ “နိုင်ငံခြားကဆို ကောင်းမှာပဲ၊ ဂျပန်၊ စင်ကာပူ၊ ကိုရီးယားဆိုတာ အာရှမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတွေပဲ၊ သူတို့ဆီက ဘာမဆို အတုခိုးရမှာပဲ” ဟု တလွဲအထင်ကြီးခြင်းမျိုးမရှိဖို့ လိုပေသည်။ တိုင်းတစ်ပါးသည် တိုင်းရင်းသားမဟုတ်။

**အသက်ရှူကွဲ**

သူသည် မိမိမဟုတ်၊ မိမိသည်လည်း သူမဟုတ်။ လူချင်းတူသော်လည်း အသက်ရှူခြင်း ကွဲသေးသည်ဟူသော စကားကို နားလည်ရပေမည်။ ခြားနားချက်ကို အလေးမထားသော် လွဲချော်လိမ့်မည်။

သူလည်း “လူပါပဲ”ဟု လွယ်လွယ်ပေါ့ပေါ့ သဘောထားပြီး စိတ်ခံစားမှု၊ စိတ်အလိုဆန္ဒကို မဆင်မခြင်လိုက်ပါမိသဖြင့် ထိုအမှားဒဏ်ကို ခံစားနေရသူတို့၏ သင်ခန်းစာကို ကြည့်တတ်ရမည်။ ကိုယ်က မွေးသည့် ကိုယ့်ရင်သွေးက ဘာသာမတူ၊ စကားမတူ၊ လူမျိုးမတူ၊ အကျိုးစီးပွားချင်းမတူ၊ နိုင်ငံသားချင်းမတူ၊ ဆံပင်မွေးနီကြောင်ကြောင်၊ နှာခေါင်းကြီးချွန်ချွန်နှင့် မြင်ရလျှင် အဘိုးအဘွားအမိအဖတို့ မည်မျှ ကြေကွဲဝမ်းနည်းရမည်နည်း။ အသားအရေလည်း မတူ။ အစားအနေလည်း မတူ။ ဒါတွေကို အရှည်မမြော်မြင်တတ်လျှင် ရင်နာရ၏။

ခံစားမှုကို ဦးစားပေးခဲ့မိတော့ မှားပြီပေါ့။ စိတ်ကို အလိုမလိုက်ရ။ ဆုံးမရမည်။

မည်ကဲ့သို့သော ဆွဲဆောင်သိမ်းသွင်းမှုမျိုး၊ လှည့်စားဖြားယောင်းမှုမျိုးကိုမဆို တဒင်္ဂသာယာမှု၊ ပျော်ရွှင်မှုလေး တစ်ခုတည်း မကြည့်မြင်ပါနှင့်။ မျက်စိတစ်ဆုံးသာမက ဉာဏ်အမြော်အမြင်နှင့် မြော်မြင်၍ အဝေးကြီးကြည့်လိုက်ပါ။ အမှားနွံ့ထဲကျမိလျှင် ရုန်းထွက်ဖို့ ခက်၏။

**နိဂုံး**

မကောင်းမှုဟူသမျှသည် မျက်နှာဖုံးစွပ်ပြီး မိမိကို ပရိယာယ်မာယာဖြင့် လှည့်စားဖြားယောင်းတတ်ကြပါ၏။

အထူးသဖြင့် လူငယ်များမှာ “စာရိတ္တသတ္တိ” ရှိကြစေချင်ပါသည်။ အပြုံးနှင့် အောင်နိုင်စွာ တွန်းလှန်နိုင်ပါစေ။ အရှုံးကြီးစွာ ပေးဆပ်ခဲ့ရသူတို့၏ ဘဝငယ်စဉ်က သင်ခန်းစာကိုယူပါ။ သမိုင်းကို ရှုမြင်ဆင်ခြင်လျှင် မိမိတို့က မအတော့ပေ။

လူငယ်များ အဓိကအားဖြင့် ကိုယ်ကျင့်တရားနှင့် ဉာဏ်ပညာအမြော်အမြင်ရှိကြစေချင်ပါသည်။ ။

ဂန္ဓဝင်ရွှေပုဂံ Travels & Tours

| | | |
|---|---|---|
| ဗန်ကောက် | (၅ည ၆ရက်) | USD 650 |
| စင်ကာပူ | (၃ည ၄ရက်) | USD 850 |
| ဘူတန် | (၄ည ၅ရက်) | USD 3100 |
| ထိုင်ဝမ် | (၇ည ၈ရက်) | USD 2600 |
| ရုရှား | (၈ည ၉ရက်) | USD 3500 |
| အမေရိကန် | (၈ည ၉ရက်) | USD 5000 |
| ဥရောပ (၇) နိုင်ငံ | (၁၄ည ၁၅ရက်) | USD 5500 |
| နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန် | (၁၀ည ၁၁ရက်) | USD 6000 |

ကုမ္ပဏီ၊ အဖွဲ့အစည်း များအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့်စိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္ဓဝင်ရွှေပုဂံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံး လမ်းကြောင်းရွေးပေးပါသည်။ ကမ္ဘာ့အနှံ့ခရီးစဉ်များနှင့်ပက်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။

No.67, Baho Rd, Sanchaung. Ph: 01-500191, 519292, 510491,510218
81st Road, Betwen 33 x 34 St, Mandalay. Hot Line: 09-73003772
Ph: 09-31693339,09-73013856

ပလုတ်တုတ်®
က လေး ဂျာ နယ်
ဝက်ဝံဖြူလေးပုံလုံပုံရဲ့ ဇာတ်ရှိ ဂျေမြာ
ဂရင်းညီနောင်ရဲ့ မပန်းဇင်
ဒီဂျေဟာဟာ၊ ဒိုဒို့နဲ့ အီကွေး
ထူးချွန်ထက်မြက်သောကလေးများ
နှင့်တွေ့ဆုံခြင်း ၊ Discoveries ၊
Game Section ၊ ဝက်ပါ ၊ ကျန်းမာရေး
စသည့်ကဏ္ဍပေါင်းများစွာနှင့်
တစ်နှစ်စာ ကြိုတင်ငွေပေးသွင်းပြီးသူများထံ ဆိုင်များသို့ မဖြန့်မီ
ငါးရက်ကြိုတင်ပြီး (အိမ်တိုင်ရာရောက်) ပို့ဆောင်ပေးနေပါပြီ။
၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ထွက်ပြီ။
၁,၂၀၀ ကျပ်
တူဒေးစာအုပ်တိုက်က ထုတ်ဝေသည်။




ရှောင်လေဝေးဝေး မူးယစ်ဆေး




ကမ္ဘာ့ အရောင်းအသွက်ဆုံးစာအုပ်
SAMUEL . P . HUNTINGTON
၏
THE CLASH OF CIVILIZATION
AND REMAKING OF WORLD ORDER ကို
ဇင်ဝေသော် ဘာသာပြန်လိုက်သည့်
လူ့ယဉ်ကျေးမှုပဋိပက္ခနဲ့
ကမ္ဘာ့သစ်တစ်ခုကို ပုံဖော်ခြင်း
စာအုပ်ထွက်နေပါပြီ
ဖြန့်ချိ- မျိုးဆက်သစ်စာပေ 09 420083688

## ပြည်တွင်းရေးရာ

**လယ်ယာကဏ္ဍမှ**

အပြစ်မြင်ထားသည်။ ဤသို့သက်တမ်းတိုစေခြင်းသည်ပင် တောင်သူတို့အတွက်တိုးစပါးမျိုးအတွက် လိုအပ်သော အရည်အသွေးကောင်းဖြစ်သည်ကို သတိပြုသင့်ပါသည်။ သက်တမ်းတိုမှုလည်း တစ်ယူနစ်ဧရိယာအပေါ်မှ အထွက်နှုန်းတိုးတက်ထုတ်လုပ်ရေး၊ တစ်သီးမှနှစ်သီး၊ နွေစပါး၊ မိုးစပါးဟူ၍ စိုက်ပျိုးနိုင်ပါမည်။ တောင်သူတို့ ဝင်ငွေတိုး အစီအမံများနှင့် အံဝင်ခွင်ကျဖြစ်မည်ဟု တွေးမြင်သင့်ပါသည်။

ကမ္ဘာ့လူဦးရေသည် ၁၈၀၄ ခုနှစ်တွင် သန်း ၁၀၀၀၊ ၁၉၂၇ ခုနှစ်တွင် သန်း ၂၀၀၀၊ ၁၉၆၀ ခုနှစ်တွင် သန်း ၃၀၀၀ စသဖြင့် ၂၀၁၁ ခုနှစ်တွင်မူ ယင်းနှုန်းအတိုင်း သန်း ၇၀၀၀ ဖြစ်လာသည်ကို အများအသိဖြစ်သည်။ လူဦးရေတိုးနှုန်းသည် ရပ်တန့်နေသည်မဟုတ်၊ မိမိတို့နိုင်ငံအတွက်သာမက ကမ္ဘာတစ်ဝန်းလုံးရှိ လူဦးရေနှင့် လိုက်လျောညီထွေသော စားရေရိက္ခာဖူလုံရေး လိုအပ်ချက်သည် အစဉ်မြင့်မားလျက်ရှိနေသည်။ ပြည်တွင်းစားသုံးမှုအတွက် လက်ရှိအခြေအနေတွင် အရေးတကြီးမဟုတ်သော်လည်း ကမ္ဘာ့လိုအပ်ချက်ကို ဖြည့်ဆည်းရန်မှာ အထူးသဖြင့် မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဆန်စားသုံးမှုမှာလည်း အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ပထဝီဝင်အနေအထားအရလည်း အိမ်နီးချင်းနိုင်ငံအချို့၏ ဆန်လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနေရသည်။ သို့ဖြစ်ရာ ဆန်စပါးထွက်ရှိမှုပမာဏ တိုးတက်ရန်ဆောင်ရွက်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်လာသည်။ ခေတ်အဆက်ဆက် ဆန်စပါးစိုက်ပျိုးမှုကိုလေ့လာပါက မိမိတို့၏ပေါကြွယ်ဝသည့် သဘာဝအရင်းအမြစ်အားကို အသုံးချကာ အစဉ်တစိုက်စိုက်ပျိုးမှုသက်သက်သာဖြစ်ခဲ့ကြောင်း တွေ့ရမည်ဖြစ်သည်။ နည်းပညာအခြေခံသောအားထုတ်ကြိုးပမ်းမှုနည်းပါးနေခဲ့ကြောင်း မိမိတို့ဝန်ခံကြရမည်ဖြစ်သည်။

ထို့ကြောင့်လည်း ဝန်ကြီးဌာနသည် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများကို သုတေသနခေတ်ခွဲခန်းများနှင့် စာသင်ခန်းများတွင် အဆုံးသတ်မထားဘဲ မူလရည်ရွယ်ရာ ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်ကြရမည့် တောင်သူများ လယ်ကွင်းများဆီသို့ ပို့ဆောင်ပေးကြရန် အဓိကတာဝန်တစ်ရပ်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဝန်ထမ်းများနှင့်တွေ့ဆုံတိုင်း အတန်တန်မှာကြားလေ့ရှိသည်။ တောင်သူတို့ကလည်း ပေးသောလက်များ၏ စေတနာကို သံသယကင်းစွာ လက်ခံရယူကြဖို့လိုကြောင်း မိမိပြောလိုပါသည်။

စပ်မျိုးတို့၏ ကောင်းခြင်းလက္ခဏာများကို စပ်မျိုးစပါးပညာရှင်တို့က ဘက်စုံ၊ ထောင့်စုံမှ အချိန်ယူသုတေသနပြုကာ ထုတ်ပြန်လက်ခံထားခြင်းဖြစ်ကြောင်း သတိပြုကြရမည်ဖြစ်သည်။ မိမိတို့တောင်သူများသည် ရှေးရိုးရာအစဉ်အလာအရိပ်ကြောင့် မျိုးစေ့ (Seed) နှင့် သီးနှံစေ့ (Grain) တို့ကိုလည်း မကွဲမပြားဖြစ်နေသူများ အချို့ရှိနေဟန်တူပါသည်။ "မျိုးစေ့"ဟူသည်မှာ ထုတ်လုပ်စဉ်ကပင် စိုက်ပျိုးရန်ရည်ရွယ်သဖြင့် မျိုးစေ့၏ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းပြည့်မီရမည်။ မူလမျိုးရိုးဗီဇရုပ်သွင်ပြင်များ ထပ်တူညီမျှတူရမည်။ စနစ်တကျထိန်းသိမ်းထုတ်လုပ်ရရှိသော မျိုးစေ့ဖြစ်ရပါမည်။

ယင်းနောက် "သီးနှံစေ့"ဆိုသည်ကလည်း မူလထုတ်လုပ်စဉ်ကပင် စားသုံးရန် ရည်ရွယ်ထားသောသီးနှံစေ့ ဖြစ်၍ စိုက်ပျိုးလိုသူအတွက် မူလဗီဇအရည်အသွေးကျဆင်းနေပါမည်။ အထွက်နှုန်းသည်လည်း လျော့နည်းလာမည်။ ထို့ပြင် ထွက်ကုန်အရည်အသွေးသည်လည်း ပြည့်မီမည်မဟုတ်။ တောင်သူများအတွက် စိုက်ပျိုးရန်ထုတ်လုပ်သည့် မျိုးစေ့နှင့်စားသုံးရန်ထုတ်လုပ်သည့် သီးနှံစေ့ကို ကွဲပြားကြရန်လိုသည်။




မိမိတို့ စိုက်ပျိုးကြမည့် စပ်မျိုးစပါးများအတွက် "အလေ့အကျင့်ကောင်းများ" ဟူသော ပြုစုစောင့်ရှောက်နည်းသည် မလွဲမသွေမုချလိုအပ်ပါသည်။ ဤသည်မှာ သိပ္ပံနည်းကျစပါး စိုက်ပျိုးခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများဖြစ်သည်။ စပ်မျိုးစပါး စိုက်ပျိုးကြရာ၌ "အလေ့အကျင့်ကောင်းများ"ဟူသော စကားကို အလေးဂရုမထားဘဲ စပ်မျိုးစပါးစိုက်သာစိုက်ပျိုးပြီး ပြုစုစောင့်ရှောက်မှု အလေ့အကျင့်ကောင်းများကို လုပ်ဆောင်ခြင်းမပြုပါက စပ်မျိုး၏ အကျိုးကို ခံစားနိုင်ခြင်းမရရှိသည့်အပြင် အကျိုးမဲ့များကိုသာ ခါးသီးစွာခံစားကြရန်ရှိပါသည်။

မည်သို့ရှိစေ မိမိတို့စပ်မျိုးစပါး၏ တစ်ဧကပျမ်းမျှ အထွက်နှုန်း တင်း ၇၀၊ ၈၀ သည် စားသုံးသူများ ဖူလုံရေးအတွက် စိုးရိမ်ဖွယ်မဟုတ်သော်လည်း လာမည့်နှစ် ၃၀ ခန့်တွင် လူဦးရေသန်း ၁၀၀ အတွက်မူ မရနိုင်မှာ သေချာနေပါသည်။ ပြောင်းလဲလာသော ရာသီဥတုနှင့် ရှားပါးလာနေသော ရေသယံဇာတများကြောင့် လူနေဒေသမြို့ပြ တိုးချဲ့လာရမှုများအပါအဝင် မြေဧကတိုးချဲ့ရေး၊ သီးထပ်သီးညှပ်တို့ဖြင့် ပွားများရေးတို့သည် မရေရာ မသေချာနိုင်သော အခြေအနေဖြစ်ရာ သီးနှံအထွက်နှုန်း ခုန်ပျံကျော်လွှားနိုင်မည့် စပ်မျိုးမိဘလိုင်း A.B.R နှင့် F1 အရည်အသွေးကောင်း မျိုးသန့်မျိုးစေ့ (Good Quality Seed) ဖြစ်ရန် အရေးတကြီး မရှိမဖြစ်၊ မသုံးမဖြစ် သုံးဖို့လိုအပ်ပါမည်။

နိုင်ငံတော်က စပ်မျိုးစပါးစိုက်ပျိုးခြင်းကို တစ်ဖက်မှ တွန်းအားပေး အလေ့အကျင့်ကောင်းများ နည်းပြ၊ လုပ်ပြ၊ နမူနာပြနေသည့်နည်းတူ အခြားသော အထွက်ကောင်း ဒေသမျိုးများစိုက်ပျိုးလိုမှုကို မျက်ကွယ်ပြုသည် မဟုတ်၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း မျိုးကောင်းမျိုးသန့် လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန် ဒေသရေမြေနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးအတွက် အထူးဇုန်များထူထောင်ကြရန် နှိုးဆော်လျက်ရှိပါသည်။ အထွက်နှုန်းတိုးရန် လိုရင်းဖြစ်သည်။

သို့ဖြစ်ရာ စပ်မျိုးစပါး (Hybrid Rice) စိုက်ပျိုးရေးကို ၁၉၉၇ ခုနှစ်ကပင် စတင်အစပျိုးခဲ့သဖြင့် ထိုက်သင့်သော အတွေ့အကြုံကောင်းများ ရရှိကြပြီဟု ယူဆရပါသည်။ ရာကျော်စပါး အစပျိုးစဉ်က မကြားဖူးသော အရေအတွက်ကြောင့် မယုံသင်္ကာစကား "တင်းတစ်ရာတော့မဖြစ်နိုင်၊ နို့ဆီဘူးတစ်ရာသာဖြစ်မယ်"ဟူ အငေါ်တူးစကားနှင့် ရင်ဆိုင်ခဲ့ရဖူးသည်ကို အမှတ်ရစေချင်ပါသည်။

ထို့ကြောင့် စပ်မျိုး၏ အကြောင်းခြင်းရာကို ဂဃနဏထဲထဲဝင်ဝင် လေ့လာပါဟု တောင်သူတို့ကို ပြောချင်ပါသည်။ သို့ဖြင့် နိုင်ငံတော်၏ ဦးဆောင်မှုကို ယုံကြည်စိတ်ချစွာဖြင့် လိုက်နာဆောင်ရွက်သင့်ပါသည်။ ယင်းသို့သော စပ်မျိုးစပါးများ၏ ဖြစ်ထွန်းအောင်မြင်မှုရလဒ်ကောင်းဟူသည်မှာ သိပ္ပံနည်းကျစပါးစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာမှုအတိုင်းအတာနှင့် အညီအမျှ အကျိုးခံစားရမှာဖြစ်သည်။ ယင်းသို့သော အလေ့အကျင့်ကောင်းကို မိမိ၏အတွေ့အကြုံ၊ ပင်ကိုဉာဏ်ရည်နှင့်ယှဉ်ကာ စိန်ခေါ်မှုများ ဖြေလျှော့နိုင်ရေး နှောင်ရိုးနှလုံးဖြင့် မဆုတ်မနစ် ကြိုးပမ်းကြစေချင်ပါသည်။

# ကိုယ့်အားကိုယ်ကိုး နွေရာသီသောက်သုံးရေလှောင်ကန် တည်ဆောက်

**နောင်တရား စက်တင်ဘာ ၁၄**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့နယ်ခွဲ နောင်ပီအုပ်စု ထီရီးကရင်ရွာတွင် နွေရာသီသောက်သုံးရေရှားပါးမှုကို ကာကွယ်နိုင်ရန်အတွက် ကျေးရွာမှ ကိုယ့်အားကိုယ်ကိုး သောက်သုံးရေလှောင်ကန် တည်ဆောက်ခြင်း လုပ်ငန်းကို စက်တင်ဘာ ၁၀ ရက်က ဆောင်ရွက်ခဲ့သည်။



ရေလှောင်ကန် တည်ဆောက်ရာတွင် ပါဝင်သော ဒေသခံတစ်ဦးက "အရင်တုန်းက ကျွန်တော်တို့ရွာတွေ နွေရာသီဆို ရေရှားလွန်းလို့ ရွာရေတွင်းမှ တစ်အိမ်ကို နှစ်ထမ်း၊ တချို့ရွာတွေဆို တစ်ထမ်းလောက်ပဲ ရပါတယ်၊ အခုလို ရေလှောင်ကန် ဆောက်လိုက်တော့ နည်းနည်း အဆင်ပြေလာတယ်ပေါ့၊ ဒါပေမယ့် ကိုယ့်အားကိုယ်ကိုး မြေဖို့ပြီး ရေလှောင်ကန်လုပ်ထားတာဆိုတော့ မိုးတွေ တအားကြီးရင် မြေပြိုမှာ စိုးရိမ်ရပြီး အုတ်ရေကန်ကြီးတွေ ဒါမှမဟုတ် အုတ်ရေလှောင်ကန်တွေ ဖြစ်ဖို့ လိုအပ်နေပါသေးတယ်၊ အဓိကကတော့ ငွေအား၊ စက်အားလိုပါတယ်။ ကျွန်တော်တို့ ရွာတွေမှာလည်း ရေလှောင်ကန်အတွက် အလှူခံနေပေမယ့် မလုံလောက်သေးပါဘူး၊ နိုင်ငံတော်က ကူညီမယ်ဆိုရင် ကျွန်တော်တို့ ရွာသားတွေဘက်က လုပ်အားကတော့အပြည့်အဝပေးနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါ ရေလှောင်ခြင်းလုပ်ငန်းကို ထီရီးကရင်ရွာ ဘုန်းတော်ကြီးကျောင်းမှ အရှင်နန္ဒဝံသက ဦးဆောင်ကာ ဆောင်ရွက်နေပြီး ယခုအခါ ၎င်း ရေလှောင်ကန်မှ ထီရီးကရင်ရွာအပါအဝင် ကျေးရွာ ၁၀ ရွာနှင့် ဘုန်းကြီးကျောင်း သုံးကျောင်းသို့ ရေပေးဝေနိုင်ပြီး နောက်ထပ်ရေရှားပါးသည့် ကျေးရွာများသို့လည်း ရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆုမွန်ထွန်း(IPRD)**

# အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်း ပုဂ္ဂလိကသို့ လွှဲပြောင်းဆောင်ရွက်မည်

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနအနေဖြင့် အမှိုက်သိမ်းဆည်းခြင်း၊ သိမ်းဆည်းအမှိုက်များကို နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား ၂၀၁၅ ခုနှစ် ဧပြီလတွင် ပုဂ္ဂလိကသို့ လွှဲပြောင်းဆောင်ရွက်တော့မည်ဖြစ်ရာ တင်ဒါလုပ်ငန်းဆောင်ရွက်လိုကြသော ပြည်တွင်း၊ ပြည်ပ ပူးပေါင်းကုမ္ပဏီ ခုနစ်ခုရှိနေကြောင်း သိရသည်။

အဆိုပါအမှိုက်သိမ်းဆည်းခြင်း၊ သိမ်းဆည်းအမှိုက်များကို နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများအတွက် တင်ဒါလုပ်ငန်း ဆောင်ရွက်လိုကြသော ပြည်တွင်း/ပြည်ပကုမ္ပဏီ ခုနစ်ခုမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော Deposit ငွေကျပ်သိန်း ၅၀ အား ပေးသွင်းပြီးဖြစ်ရာ သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်လိုသော ခရိုင်အသီးသီးသို့ ကွင်းဆင်းလေ့လာခြင်းလုပ်ငန်းများ၊ ကိန်းဂဏန်း ကောက်ယူခြင်းလုပ်ငန်းများနှင့် အပြီးသတ်အဆိုပြုလွှာ တင်ပြနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အောက်တိုဘာလအတွင်း၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သတ်မှတ်ထားသော Final Full Proposal တွင်ပါဝင်မည့် အချက်အလက်များအပေါ် အခြေခံပြီး ပြည်တွင်း၊ ပြည်ပ၊ ပြည်တွင်း/ပြည်ပ ပူးပေါင်းကုမ္ပဏီများမှ တင်ပြလာသော ကိန်းဂဏန်းများကို စုစည်း၍ Short List စိစစ်ရွေးချယ်နိုင်ရန်အတွက် အခြေခံ အထောက်အကူပြုဦးစီးဇယားဖြင့် အကျဉ်းချုပ်ဇယားကို ဌာနမှ ရေးသားပြုစုကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်သည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရွေးချယ်ရေးအဖွဲ့ဖွဲ့ကာ နောက်ဆုံးအဆိုပြုလွှာ တင်ပြလာသော ပြည်တွင်း၊ ပြည်ပ ပူးပေါင်းကုမ္ပဏီများအနက်မှ ခရိုင်အလိုက် Short List ရွေးချယ်သွားမည်ဖြစ်ပြီး Short List စာရင်းအား ကော်မတီမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်သည်။

**(စိုးဝင်း-MLA)**

■



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
### Union Civil Service Board
### နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

**(ယမန်နေ့မှအဆက်)**

**နည်းဥပဒေ ၂၃၄။** ဝန်ထမ်းတစ်ဦး ပင်စင်အကျိုးခံစားခွင့်ရှိသည့် အများဆုံးလုပ်သက် ကန့်သတ်ချက်သည် အသက် ၁၈ နှစ်ပြည့်ချိန်မှ အမှန်တကယ်ပင်စင်ယူသည့်အချိန်ထိ ကာလများဖြစ်သည်။ ဝန်ထမ်း၏ အသက် ၁၈ နှစ်ပြည့်ပြီးနောက်ပိုင်း လုပ်သက်အနက်မှ ရာထူးတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကာလများအပြင် အောက်ပါကာလများကိုလည်း ပင်စင်အကျိုးခံစားခွင့်တွက်ချက်ရာတွင် ထည့်သွင်းရေတွက်သည်-

(က) လစာရအလုပ်သင်ကာလ၊
(ခ) အစမ်းခန့်ကာလ၊
(ဂ) ကူးပြောင်းချိန်ကာလ၊
(ဃ) တာဝန်ချိန်အဖြစ်သတ်မှတ်ခြင်းခံရသော တာဝန်မှ ယာယီရပ်ဆိုင်းထားသည့်ကာလ၊
(င) တာဝန်ချိန်အဖြစ် မသတ်မှတ်သော်လည်း ပင်စင်ခံစားခွင့်ရှိသော ကာလဟု သတ်မှတ်သည့် တာဝန်မှ ယာယီရပ်ဆိုင်းထားသည့်ကာလ၊
(စ) တာဝန်ချိန်ဟု သတ်မှတ်သည့် အခြားကိစ္စရပ်များအတွက် ကာလများ။

**နည်းဥပဒေ ၂၃၅။** အောက်ပါခွင့်ကာလများကို ပင်စင်အကျိုးခံစားခွင့်တွက်ချက်ရာတွင် ထည့်သွင်းရေတွက်သည်-

(က) လုပ်သက်ခွင့်ကာလ၊
(ခ) အထူးမသန်စွမ်းခွင့်ကာလ၊
(ဂ) ပညာလေ့လာဆည်းပူးခွင့်ကာလ၊
(ဃ) မီးဖွားခွင့်ကာလ၊
(င) သောင်းကျန်းမှုများကြောင့် ခွင့်ပြုခဲ့သည့် အထူးခွင့်ကာလ၊
(စ) သဘော်သားနာမကျန်းခွင့်ကာလ၊
(ဆ) ပျမ်းမျှလစာရရှိသော ဆေးရုံခွင့်ကာလ၊
(ဇ) ဆေးလက်မှတ်ခွင့်ကာလ။

**နည်းဥပဒေ ၂၃၆။** အရာထမ်း၊ အမှုထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်အလို့ငှာ ရာထူးစုအမျိုးအစားမတူသော်လည်း လုပ်သက်နှစ်ခုကို ပေါင်းစပ်ရေတွက်ရမည်။ ပင်စင်အကျိုးခံစားခွင့်ရှိသော ပြတ်တောက်နေသည့် လုပ်သက်ကာလများကို ဆက်စပ်ပေးပိုင်ခွင့်ရှိသူက ခိုင်လုံသောအကြောင်းရှိပါက ပင်စင်အကျိုးငှာ ဆက်စပ်ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုရာတွင် ယခင်လုပ်သက်သည် အနည်းဆုံးတစ်နှစ်ရှိရမည်။

**နည်းဥပဒေ ၂၃၉။** အငြိမ်းစားယူပြီးသောဝန်ထမ်းသည် တာဝန်ပြန်လည်ထမ်းဆောင်သည့်နေ့မှစ၍ ယခင် ပင်စင်လစာကို ရပ်ဆိုင်းရမည်။ တာဝန်ပြန်လည်ထမ်းဆောင်သည့်နေ့မှစ၍ သုံးလအတွင်းပင်စင်လစာကို ရပ်ဆိုင်းခြင်းမပြုခဲ့ပါက ယခင်အမှုထမ်းသက်ကို ပြန်လည်တာဝန်ထမ်းဆောင်သောအမှုထမ်းသက်နှင့် ပင်စင်ကိစ္စအလို့ငှာ ဆက်စပ်ခွင့်မရှိပါ။

**နည်းဥပဒေ ၂၄၁။** အသက် ၁၈ နှစ်ပြည့်သည့်နေ့မှစ၍ ထမ်းဆောင်ခဲ့သော စစ်မှုထမ်းသက်များကို ပင်စင်ခွင့်ပြုပိုင်ခွင့်ရှိသူက မြို့ပြဝန်ထမ်းအမှုထမ်းသက်များနှင့်ပေါင်းစပ်ရေတွက်ခွင့်ပြုနိုင်သည်။ သို့ရာတွင်-

(က) စစ်မှုထမ်းသက်သည် ကျေနပ်ဖွယ်ရာရှိရမည့်ပြင် စစ်ဘက်ဆိုင်ရာပင်စင်နည်းဥပဒေများအရ ပင်စင်ခံစားနိုင်ခွင့်ရှိသော အမှုထမ်းသက်ဖြစ်ရမည်။
(ခ) ပင်စင်လစာခံစားခွင့်မရရှိဘဲ လုပ်သက်ဆုငွေကိုသာ ခံစားခဲ့ရပြီး ယင်းဆုငွေများကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းပါက အမှုထမ်းသက်ကို ပေါင်းစပ်ထည့်သွင်းတွက်ချက်ရမည်။
(ဂ) ရရှိနေသော ပင်စင်လစာကို ထုတ်ယူခြင်းမှ ရပ်ဆိုင်းပြီး အမှုထမ်းသက် မှန်ကန်ကြောင်းနှင့် ပင်စင်နှင့်ဆုငွေ မည်မျှရရှိကြောင်းတို့ကို ကာကွယ်ရေးဝန်ကြီးဌာနငွေစာရင်းရုံး၏ ထောက်ခံချက်ပါရှိပါက အမှုထမ်းသက်ကို ပေါင်းစပ်ထည့်သွင်းတွက်ချက်ရမည်။

**နည်းဥပဒေ ၂၄၂။** ပင်စင်ကို ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုသည့်နှုန်းထားအတိုင်း တစ်လုံးတစ်ခဲတည်းပင်စင်အဖြစ် လဲလှယ်ခွင့်ပြုနိုင်သည်။

**နည်းဥပဒေ ၂၄၇။** ဝန်ထမ်း၏ မိသားစုဆိုရာတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်-

(က) အမျိုးသားဝန်ထမ်းဖြစ်လျှင် တရားဝင်ဇနီးနှင့် တရားဝင်သားသမီးများ၊
(ခ) အမျိုးသမီးဝန်ထမ်းဖြစ်လျှင် တရားဝင်ခင်ပွန်းနှင့် တရားဝင်သားသမီးများ၊
(ဂ) တရားဝင်သားသမီးများဆိုရာတွင် တရားဥပဒေနှင့်အညီ မွေးစားထားသော သားသမီးများနှင့် လင်ပါမယားပါသားသမီးများလည်း ပါဝင်သည်၊
(ဃ) မြေးများ၊
(င) မိဘအရင်းများ၊ ညီအကိုအရင်းများ၊ ညီမ အစ်မအရင်းများ။

**နည်းဥပဒေ ၂၄၈။** မိသားစုပင်စင်ခံစားခွင့်နှင့်စပ်လျဉ်း၍-

(က) မိသားစုပင်စင်ကိုခံစားမည့်သူ သက်ရှိထင်ရှားရှိနေသည့်အခါ အောက်ပါဦးစားပေး အစီအစဉ်အတိုင်း ခံစားခွင့်ပြုရမည်-
(၁) ကွယ်လွန်သူ၏ ကျန်ရစ်သူတရားဝင်ပထမဇနီး သို့မဟုတ် တရားဝင်ခင်ပွန်း၊
(၂) တရားဝင်ဇနီး သို့မဟုတ် တရားဝင်ခင်ပွန်းမရှိခဲ့သော် အသက် ၁၈ နှစ်မပြည့်သေးသည့် အိမ်ထောင်မပြုရသေးသော တရားဝင်သားသမီး သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သော်လည်း တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းတစ်ခုခုတွင် အချိန်ပြည့် ပညာသင်ကြားလျက်ရှိသော အိမ်ထောင်မပြုရသေးသည့် တရားဝင်သားသမီး၊
(၃) နည်းဥပဒေခွဲငယ်(၂)ပါ ပုဂ္ဂိုလ်များမရှိခဲ့သော် အိမ်ထောင်မပြုရသေးသည့် သမီး သို့မဟုတ် မုဆိုးမဖြစ်နေသော သမီး၊
(၄) နည်းဥပဒေခွဲငယ်(၃)ပါ ပုဂ္ဂိုလ်များမရှိခဲ့သော် အိမ်ထောင်လည်းမပြုရသေးသည့်အပြင် အသက်လည်း ၁၈ နှစ်မပြည့်သေးသည့် အဖမဲ့မြေး သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သော်လည်း တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းတစ်ခုခုတွင် အချိန်ပြည့် ပညာသင်ကြားလျက်ရှိသော အိမ်ထောင်မပြုရသေးသော အဖမဲ့မြေး။
(ခ) နည်းဥပဒေခွဲ(က)တွင် ဖော်ပြခဲ့သည့်အတိုင်း မိသားစုပင်စင်ကို ခံစားမည့်သူမရှိခဲ့သော် အောက်ပါ ပုဂ္ဂိုလ်များကို ခံစားခွင့်ပြုနိုင်သည်။ သို့ရာတွင် ကွယ်လွန်သူဝန်ထမ်းနှင့်အတူ မှီခိုနေထိုင်ခဲ့ရသူဖြစ်ကြောင်း ခိုင်လုံသည့်အထောက်အထားကိုတင်ပြမှသာ ခံစားခွင့်ပြုရမည်-
(၁) အမိအဖအရင်း၊
(၂) အမိအဖမရှိပါက ဝန်ထမ်း၏အသက် ၁၈ နှစ်မပြည့်သေးသည့် ညီ သို့မဟုတ် ညီမ သို့မဟုတ် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သော်လည်း တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းတစ်ခုခုတွင် အချိန်ပြည့်ပညာသင်ကြားလျက်ရှိသည့် ညီ သို့မဟုတ် ညီမ၊
(၃) နည်းဥပဒေခွဲငယ်(၂)ပါ ပုဂ္ဂိုလ်များမရှိပါက ဝန်ထမ်း၏ အိမ်ထောင်မပြုသေးသည့် ညီမ သို့မဟုတ် အစ်မ သို့မဟုတ် မုဆိုးမဖြစ်နေသည့် ညီမ သို့မဟုတ် အစ်မ၊
(၄) နည်းဥပဒေခွဲငယ် (၃)ပါ ပုဂ္ဂိုလ်များမရှိပါက ဝန်ထမ်း၏ အခြားသော ညီ သို့မဟုတ် အစ်ကို သို့မဟုတ် ညီမ သို့မဟုတ် အစ်မ။

**နည်းဥပဒေ ၂၄၉။** မိသားစုပင်စင်ကို အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ဆက်လက်ခံစားခွင့်မရှိစေရ-

(က) ကျန်ရစ်သူတရားဝင်ခင်ပွန်း သို့မဟုတ် ဇနီးသည် နောက်အိမ်ထောင်ပြုခြင်း၊
(ခ) ဝန်ထမ်း၏ မိသားစုဝင် အိမ်ထောင်မပြုရသေးသည့် အမျိုးသား၊ အမျိုးသမီးတစ်ဦးသည် အိမ်ထောင်ပြုခြင်း၊
(ဂ) ဝန်ထမ်း၏ မိသားစုဝင်မဟုတ်သူ။

**နည်းဥပဒေ ၂၅၁။** ရာထူးမှနုတ်ထွက်သည့်ဝန်ထမ်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခြင်းခံရသည့် ဝန်ထမ်းသည် တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက်အတွက် ပင်စင်လစာကို ဖြစ်စေ လုပ်သက်ဆုငွေကိုဖြစ်စေခံစားခွင့်မရှိ။

***နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့် အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။***



ကျအေနှင့် မောရှည်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရန် ရောစပ်ထားပြီးဆေးမှုန့်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက်က တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် တာလေဘက်မှ တာချီလိတ်ဘက်သို့ ကျအေဆိုသူ မောင်းနှင်ပြီး မောရှည်ဆိုသူလိုက်ပါလာသည့် ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့် ရောစပ်ထားပြီး ဆေးမှုန့် ၂၀၁ ဂရမ် သိမ်းဆည်းရမိသဖြင့် ကျအေ(၂၀)နှစ်နှင့် မောရှည်(၃၀)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

## အရှိန်လွန်ကား ခြံစည်းရိုးကျော်ကျ

**ဟားခါး စက်တင်ဘာ ၁၄။** ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် စက်တင်ဘာ ၁၂ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်က ယာဉ်တစ်စီးအရှိန်လွန်ကာ ပလက်ဖောင်းနှင့်ခြံစည်းရိုးကျော်၍ နှစ်ထပ်အိမ်ဝရန်တာကို ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ယာဉ်မောင်း မောင်ဗန်ဘွေကျဲအို (၂၁)နှစ် မြို့သစ်ရပ်ကွက်နေသူသည် ဗိုလ်ချုပ်လမ်းအတိုင်း အရှေ့မှ အနောက်သို့ ၂ခ/--- (ခဲရောင်စူပါကာစတန်)ယာဉ်အား မောင်းနှင်လာစဉ် လမ်းဆုံအရောက်၌ လမ်း၏ညာဘက်သို့ အရှိန်လွန်ကာ ပလက်ဖောင်း၊ ခြံစည်းရိုးနှင့်နှစ်ထပ်အိမ်အပေါ်ထပ် ဝရန်တာတို့ကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းနှင့် အတူပါလာသူတစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း ကားရှေ့မှန် ပျက်စီးခဲ့ပြီး ခြံစည်းရိုးနှင့် နေအိမ်အပေါ်ထပ်ဝရန်တာများ ပျက်စီးသွားကြောင်း သိရသည်။ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ မောင်ဗန်ဘွေကျဲအိုအား ဟားခါးမြို့မရဲစခန်းက ပြစ်မှုပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုဇော်(ခတုဗေဒ)**





လျှိုကျင်ဝမ်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ကွတ်ခိုင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၂ ရက်က ကွတ်ခိုင်မြို့နယ် ခိုမုန်းကျေးရွာနေ လျှိုကျင်ဝမ်၏ နေအိမ်အားရှာဖွေရာ နေအိမ်နောက်အဝတ်လှန်း ဝါးလုံးတိုင်ခေါင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိသဖြင့် လျှိုကျင်ဝမ် (၄၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ပဲခူး၌ ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

**ပဲခူး စက်တင်ဘာ ၁၄**

ပဲခူးခရိုင်အဆင့် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအခမ်းအနားကို ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ သီရိဟံသာခန်းမ၌ စက်တင်ဘာ ၁၃ ရက်က အစီအစဉ် (၇)ရပ်ဖြင့် ကျင်းပရာ အခမ်းအနားသို့ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။**(ယာပုံ)**

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားရာ၌ ယခုနှစ်(၂၁)ကြိမ်မြောက်တွင် မိမိတို့ပဲခူးခရိုင်အနေဖြင့် အရေးဘာသာရပ်၊ အတီးဘာသာရပ်တွင် နှဲ၊ တယော၊ ဂီတ၊ အိုးစည်၊ ဒိုးပတ်နှင့် အကဘာသာရပ်တွင် အခြေခံကဗျာလွတ် အမျိုးသမီးအလွတ်တန်းပြိုင်ပွဲများမှလွဲ၍ ကျန်ဘာသာရပ်များအားလုံး ပါဝင်ယှဉ်ပြိုင်ကြပြီး ဘာသာရပ်နှင့် အဆင့်လိုက် တစ်ဦးချင်းပြိုင်ပွဲ စုစုပေါင်း ၆၆ ဦး၊ အဖွဲ့လိုက်အနေဖြင့် ကရင်ရိုးရာအက၊ မွန်ရိုးရာအက၊ ကဗျာလွတ်အက နှစ်ဖွဲ့နှင့် ဆိုင်းဝိုင်းကြီး တစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြကြောင်းနှင့် နောင်နှစ်များတွင်လည်း မျိုးဆက်သစ်များ ဆက်လက်ပေါ်ထွန်းလာရေးအတွက် ဝါသနာရှင် ညီငယ်၊ ညီမငယ်များအား လက်ဆင့်ကမ်း လက်တွဲဆောင်ရွက်ကြရန် မှာကြားသည်။

**(ပဲခူးသား)**




# ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး (C) ရုံ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၁၄**

စက်တင်ဘာ ၁၄ ရက် ညနေ ၅ နာရီ မိနစ် ၅၀ အချိန်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂) ရပ်ကွက် ၂၅ လမ်း အလယ်ဘလောက် သိမ်ကြီးဈေး (c) ရုံ RC လေးထပ် အပြင်တန်း မြေညီထပ် ဆိုင်ခန်းအမှတ် C/၄၀ အကျယ်အဝန်း (၂၀×၁၀ပေ) ပိုင်ရှင် ဦးစိုးမြင့်၏ ချန်ပီယံဝမ်း အားကစားပစ္စည်းဆိုင်၏ ထပ်ခိုးပေါ်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်မှာ မျက်နှာကြက်တွင် တပ်ဆင်ထားသော ၆၀ ဝပ် မီးလုံးထွန်းထားရာမှ အပူလွန်ကဲပြီး အနီးရှိ အားကစားအတွင်းခံဘောင်းဘီများသို့ မီးကူးစက်ရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ခြင်းလုံးများ၊ အားကစားအတွင်းခံဘောင်းဘီများနှင့် ဘောလုံးများ မီးလောင်ဆုံးရှုံးသွားကြောင်းသိရသည်။

မီးလောင်ရာသို့ ကျောက်တံတားမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှာ မီးငြိမ်းသတ်ယာဉ် လေးစီး၊ စမ်းချောင်းမှ တစ်စီး၊ အလုံမှ တစ်စီး၊ တာမွေမှ နှစ်စီး၊ သာကေတမှ နှစ်စီး၊ လသာအရန်မှ တစ်စီး စုစုပေါင်း မီးငြိမ်းသတ်ယာဉ် ၁၁ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၂၅ မိနစ်အချိန်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဆိုင်ပိုင်ရှင်ဦးစိုးမြင့်အား ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ သိရသည်။

**(ကြေးမုံ)**

# စာတည်းထံ ရောက်ရှိလာသော ပေးစာများ

## လူငယ်လေးများ လမ်းမှားမရောက်အောင် ထိရောက်စွာ တားပေးပါရန်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း (၇၀)ရပ်ကွက် မြကန်သာလမ်းသွယ်လမ်းတွင် နေထိုင်သော လူတစ်ယောက်သည် ကလေးသုံးယောက်အား စည်းရုံး၍ ခွေးများအား အိတ်တွင်းထည့်ပိတ်ကာ မြကန်သာလမ်းမနှင့် မြကန်သာလမ်းသွယ်ထိပ်တွင် ရိုက်သတ်မှုများ မကြာခဏပြုလုပ်နေပါသည်။

လူငယ်လေးများ စာရိတ္တပျက်စီးရာဖြစ်သော ယင်းလုပ်ရပ်အား အတုယူမမှားရန်နှင့် နောက်ဆက်တွဲပြစ်မှုများကျူးလွန်လာနိုင်ပါသောကြောင့် ထိုသူအား ထိရောက်စွာ အရေးယူပေးပါရန်သက်ဆိုင်ရာသို့ အသိပေးအကြောင်းကြားအပ်ပါသည်။ **ရပ်ကွက်သူ/ရပ်ကွက်သားများ**

## ကျိုက္ကဆံအိမ်ရာ စည်းကမ်းမလိုက်နာ

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး (ခ)ရပ်ကွက် ကျိုက္ကဆံအိမ်ရာ တိုက် ၁၊ ၂၊ ၃၊ ၄၊ ၅ ဝင်း အတွင်း အချို့သော တိုက်နေထိုင်သူများသည် အများပိုင်၊ အခန်းပိုင် နေထိုင်ကြသော မိသားစုအားလုံး၏ အသုံးပြုလျက်ရှိသော မိလ္လာပိုက်၊ မိလ္လာကန်အပေါ်တွင် လူနေအိမ်ခန်းဆောက်လုပ်ပြီး အခန်းငှားခကြေးငွေယူနေထိုင်ခွင့်ပြုခြင်း၊ တိုက်ဘေး အဖီတိုးချဲ့ကာရန်အခိုင်အခံ့ပြုလုပ်ခြင်း၊ တိုက်တစ်တိုက်နှင့်တစ်တိုက်ကြား အရေးပေါ်အပေါက်ပိတ်ပြီး အဖီချ အခိုင်အခံ့ တိုးချဲ့ဆောက်လုပ်ခြင်းများကြောင့် အရေးပေါ်မီးဘေးအန္တရာယ်၊ အခြားသော အရေးပေါ်အန္တရာယ်ဖြစ်ပေါ်လျှင် ဝင်/ထွက်ပေါက် တစ်ပေါက်တည်းသာ ကျန်ပါသောကြောင့် ကွင်းဆင်းစစ်ဆေးပေးပါရန် အကြံပြု တင်ပြအပ်ပါသည်။

**ကျိုက္ကဆံအိမ်ရာသားများ**

## လူနေတိုက်ခန်းအတွင်း ခွေးများမွေးထားရာ တစ်တိုက်လုံးအနံ့ဆိုးများ ရှုရှိုက်နေရ

ကမာရွတ်မြို့နယ် ဟံသာရိပ်မွန်အိမ်ရာ အမှတ်(၄)ရပ်ကွက် ကွမ်းခြံ(၂)လမ်း၊ တိုက်(၁) ၃-လွှာ(ညာ)ဘက် အခန်းသည် ခွေးအကောင်ရေများစွာမွေးထားရာ ၎င်းတိရစ္ဆာန်များမှ အော်ဟစ်ဆူညံနေသည်မှာ ကျန်ရှိ အခန်းများ နေ့/ည အိပ်မရဘဲ စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။

သို့ဖြစ်ပါ၍ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကျောင်းသားအရွယ်ကလေးငယ်များ ကျန်းမာရေးကို ထောက်ထားသောအားဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ စိစစ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **အခန်းပိုင်ရှင်များ**

## သာကေတဓမ္မာရုံလမ်းမကြီး ပြုပြင်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁၀/တောင် (၁၂)ရပ်ကွက်ရှိ ဓမ္မာရုံလမ်းမကြီးသည် ရပ်ကွက်သူရပ်ကွက်သားတို့၏ အဓိကအားထားရသော လမ်းမကြီး တစ်လမ်းဖြစ်သည်။ ယခုအခါ ထိုလမ်းမကြီးသည် အပေါက်ကြီး၊ အပေါက်ငယ်ဖြင့် ပျက်စီးယိုယွင်းနေသည်မှာ ကြာပြီဖြစ်ပါသည်။ ယာဉ်များတိုက်မိခိုက်မိခြင်းတို့ ဖြစ်ပေါ်လျက်ရှိရာ တာဝန်ရှိသူအဖွဲ့အစည်းများမှ လိုအပ်သလို ပြုပြင်ဆောင်ရွက်ပေးကြပါရန် လေးစားစွာ တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

## ပဲပြားလုပ်ငန်းမှ အနံ့ဆိုးများ ကျန်းမာရေးထိခိုက်

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ သုံးပင်ကွင်းရပ် မြရပ်ကွက်(၃)လမ်းအတွင်းရှိ နေအိမ်တစ်အိမ်တွင် ပဲပြားလုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။ ထိုလုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများမှာ အနံ့ဆိုးများကြောင့် ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အို၊ ကလေးသူငယ်များနှင့် နာမကျန်းသူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ/ရပ်ကွက်သားများ**

## လိုင်စင်မဲ့အရက်ဆိုင်များ ဖယ်ရှားစေလို

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁၁)ရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းရှိ နန်းတော်ဦးဘုရားမျက်နှာချင်းဆိုင် အနီးတွင် စတိုးဆိုင်တစ်ဆိုင်မှာ ဘုရားပရိဝုဏ်အနီး တရားမဝင် နိုင်ငံခြား/ပြည်တွင်းဖြစ် အရက်၊ဘီယာမျိုးစုံကို လိုင်စင်မဲ့ ရောင်းချလျက်ရှိရာ အရေးယူ ဆောင်ရွက်ဖယ်ရှားရှင်းလင်းပေးနိုင်ရေး တင်ပြအပ်ပါသည်။

**တောင်ငူသူ**






## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ် ကတ္တရာအိတ်ဖွင့်တင်ဒါအမှတ်(၃)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အဖွဲ့များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် ကတ္တရာ များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပြည်နယ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|---|
| (က) | ရှမ်း(တောင်) | ကတ္တရာ (၈၀/၁၀၀) | ၃၆၀၉ တန် |
| (ခ) | ရှမ်း(မြောက်) | ကတ္တရာ (၈၀/၁၀၀) | ၁၄၉၈ တန် |
| (ဂ) | ရှမ်း(အရှေ့) | ကတ္တရာ (၈၀/၁၀၀) | ၆၀၂ တန် |
| | | စုစုပေါင်း | ၅၇၀၉ တန် |

(ဃ) တင်ဒါပုံစံရောင်းချမည့်ရက် - ၁၅-၁၀-၂၀၁၄မှ ၂၀-၁၀-၂၀၁၄ ရက်ထိ
- နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီ(ရုံးချိန်အတွင်း)

(င) တင်ဒါပုံစံရောင်းချမည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ တောင်ကြီးမြို့။

(စ) တင်ဒါလျှောက်လွှာပိတ်ရက် -၂၁-၁၀-၂၀၁၄ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ။

(ဆ) တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန် -၂၂-၁၀-၂၀၁၄ရက် ၁၃း၀၀ နာရီ

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ ရုံးချိန်အတွင်း ဖုန်း(၀၈၁- ၂၁၂၀၁၆၊ ၀၈၁-၂၁၂၁၁၆၂)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

---

**မြေကွက်များဝယ်လိုသည်**

ရန်ကုန်မြို့ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄၈၀၂၅၇၄၂
၀၉-၄၂၀၁၀၇၀၂၁
၀၉-၇၃၂၃၄၆၅၆

---

**ခေတ်ပြည့် ကားမျိုးစုံစီးလုံးငှားသည်**

ထောင်ကြီးအင်းလေး(တောင်တော်ဦးပွဲ)- ၆၅၀၀၀
ကျိုက်ထီးရိုး(ငြိမ်း)- ၃၅၀၀၀
ချောင်းသာ(ငြိမ်း)- ၄၀၀၀၀
(6)+(1)Free
0931815390,0931815395

---

စာအုပ်စာပေလှူမိတ်ဆွေ

---

**ကံကောင်း**

အိမ်၊ ခြံ၊ မြေ
သီလဝါ၊ ကျောက်တန်း၊ သန်လျင်
မြေကွက်များ ရောင်းလို/ဝယ်လိုသည်။
PH-09-49300967
09-420185599


DAGON CITY 1
BY MARGA LANDMARK
Dagon City Makes Myanmar More Beautiful
DAGON CITY 1
SHOWROOM
NOW OPEN
Dagon City 1 showroomအား
ယခုဖွင့်လှစ်လိုက်ပါပြီ။
အဆင့်မြင့် Residential အိမ်ခန်းများကို ရယူပိုင်ဆိုင်ပြီး
Mercedes Benz ရရှိနိုင်မည့် အထူးအခွင့်အရေး
Exclusively at the Dagon City 1 Open Day :
9:00 a.m,
27th September, 2014
OWN A PIECE OF PRESTIGE AND
GET A CHANCE TO WIN A MERCEDES BENZ!
Also Featuring Dagon City 1 Brand Ambassador Eindra Kyaw Zin,
Beauty Queens, International Entertainment,
Lucky Draws and Many More Surprises!
Pre-Registration required!
Call +95 9 2544 28883 to reserve a seat.
WIN
MERCEDES BENZ
2014 C-CLASS
NEW MODEL
DEVELOPED BY
MARGA LANDMARK
DAGON CITY 1
GALLERY SHOWROOM ADDRESS:
U Htaung Bo Circle, No. 61, 63, Zoological Garden Road,
Dagon Township, Yangon.
WWW.DAGONCITY1.COM

# တောင်သူစိုက်ပျိုးနည်း အသိပညာပေးဆွေးနွေး၍ မျိုးစေ့ထုတ် စိုက်ခင်းတွင် လက်တွေ့လေ့လာရန်သရုပ်ပြ

**မလှိုင်၊ စက်တင်ဘာ ၁၄**

တောင်သူစိုက်ပျိုးနည်း အသိပညာပေးဆွေးနွေးပွဲနှင့် မျိုးစေ့ထုတ် စိုက်ခင်းများတွင် လက်တွေ့လေ့လာနိုင်ရန် စိုက်ကွင်း သရုပ်ပြသခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၀နာရီက မလှိုင်မြို့၊ ဗဟိုစိုက်ပျိုးရေးခြံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေး ဦးစီးအရာရှိ ဒေါ်ရီရီမြင့်(မျိုးစေ့တာဝန်ခံ)က ပိုးမွှားအန္တရာယ် အကြောင်းကိုလည်းကောင်း၊ REVEAL စီမံကိန်း Project Manager ဒေါ်အေးမြတ်ဖြူက တောင်သူများ စိုက်ပျိုးရေးနှင့် ပတ်သက်၍ အကျိုးရှိစေမည့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ဟောပြောခဲ့သည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစန်းယုက စိုက်ပျိုးနည်း အသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့လေ့လာနိုင်ရန် စိုက်ကွင်းသရုပ်ပြသပေးရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

ထို့နောက် တက်ရောက်လာသော တောင်သူများအား မျိုးစေ့ထုတ် စိုက်ခင်းများဖြစ်သော စပ်မျိုးနေကြာစိုက်ခင်းများတွင် အဖိုတစ်တန်းလျှင် အမလေးတန်းနှုန်းဖြင့် သီးခြားစိုက်ပျိုးထားရှိမှု၊ အထွက်နှုန်းသိရှိစေရန် စမ်းသပ်စိုက်ပျိုးထားသော ပဲစင်းငုံ တစ်တန်းခြင်း စိုက်ချင်း၊ နှစ်တန်းပူးစိုက်ခင်းများ၊ ပဲတီစိမ်း သီးညှပ်စိုက်ခင်းများ၊ လယ်ကြီးကျေးရွာ တောင်သူဦးအောင်သိန်း၏ စပါးခင်းများကို လိုက်လံပြသခဲ့ပြီး သီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားများ အန္တရာယ်နှင့် စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို လက်တွေ့ပြသခဲ့သည်။

ထို့အပြင် တိုင်ထောင်ခရမ်းချဉ် စိုက်ခင်းများတွင် ကျရောက်တတ်သော အင်းဆက်ပိုးများကာကွယ်ရန် အင်းဆက် ထောင်ချောက်များ အကြောင်းကို မျိုးသန့်စိုက်ခြံတာဝန်ခံ ဦးစိုးနိုင်က ရှင်းပြခဲ့သည်။

တက်ရောက်လာသောတောင်သူများ၏ သိလိုသည့်မေးခွန်းများကိုလည်း ၎င်းက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်သူပညာပေး ဆွေးနွေးပွဲသို့ မလှိုင်မြို့နယ်အတွင်းရှိ ရေနီ၊ ရေထွက်၊ သဲကန်၊ အိုင်မာရိုး၊ ကြာအိုင်၊ ကူကြီးကုန်း၊ အေးသာယာ၊ လေးတိုင်စင် စသည့်ကျေးရွာ ၁၅ ရွာမှ တောင်သူများ၊ မြို့နယ်ရုံး စိုက်ပျိုးရေး ဝန်ထမ်းများ၊ REVEAL စီမံကိန်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ယင်းဆွေးနွေးပွဲကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဗဟိုမျိုးသန့်စိုက်ခြံနှင့် REVEAL စီမံကိန်းတို့ ပူးပေါင်း ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်ဒွေး(မလှိုင်)**



# ကွမ်လှာကျေးရွာ၌ (၁၈၉)ကြိမ်မြောက် ဓမ္မစကူးလ် ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

**ချောင်းဆုံ၊ စက်တင်ဘာ ၁၄**

ချောင်းဆုံမြို့နယ်၊ ကွမ်လှာကျေးရွာ၊ ရွာလယ်ဘုန်းတော်ကြီးကျောင်း၌ (၁၈၉)ကြိမ်မြောက် ဓမ္မစကူးလ် ဆရာဖြစ်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မြို့နယ် သံဃနာယကအဖွဲ့ ကုလားတို့ဝဏ္ဏာရာမ စာသင်တိုက်ကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူပြီး မရမ်းကျောင်းဆရာတော်နှင့် ခလော့ခနိုင်ဆရာတော်တို့က ဩဝါဒကထာမိန့်ကြားခဲ့သည်။ ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဗဟိုနာယက နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ကထိက ဦးထေရာသတက တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများအား အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ကွမ်လှာ အလယ်ကျောင်း ဆရာတော်က ဝမ်းမြောက်စကားမိန့်ကြားပြီး ဆရာတော်ကြီးများက ဩဝါဒစကားများ အသီးသီးမိန့်ကြားကြသည်။ သင်တန်းသူတစ်ဦးကလည်း သင်တန်းတက်ရောက်ခြင်းနှင့်ပတ်သက်၍ ကိုယ်တွေ့ခံစားချက်ကို ပြောကြားပြီး အလှူရှင်များ၊ သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ခဲ့သည်။ သင်တန်းဖြစ်မြောက်ရေး အတွက်အလှူရှင်များမှ ငွေကျပ် ၄၁ သိန်း ကျော်လှူဒါန်းခဲ့သည်။ **ထူးအိမ်(ပြန်/ဆက်)**

# ပခုက္ကူတွင် သွေးလှူဘဏ်ဖွင့်

**ပခုက္ကူ၊ စက်တင်ဘာ ၁၄**

ပခုက္ကူမြို့၊ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက သွေးလှူဘဏ်ဖွင့်လှစ်ခြင်း ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။

သွေးလှူဘဏ်ဖွင့်လှစ်ခြင်း ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ယနေ့ဖွင့်ပွဲမှစ၍ ပခုက္ကူဒေသဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းအားပေးကူညီဆောင်ရွက်မည့်အကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သွေးလှူဘဏ်ကို တာဝန်ခံအရာရှိတစ်ဦးဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

သွေးလှူဒါန်းသည့် စေတနာရှင်အလှူရှင်များအနေဖြင့် ယခင်ကကဲ့သို့ပင် ဆက်လက်လှူဒါန်းပေးသွားနိုင်ရေးနှင့် လာမည့်အပတ်မှစတင်ကာ သွေးလှူဒါန်းထားသော သွေးပုလင်းများကို လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်းသိရသည်။

ပခုက္ကူဆေးရုံတွင် သွေးလိုအပ်မှုများပြားလာသည်နှင့်အမျှ ယခုအချိန်တွင် သွေးလှူရှင်အသင်းများအနေဖြင့် ပိုမိုပြီးဂရုတစိုက် လှူဒါန်းဆောင်ရွက်ပေးသွားကြရန် ဆေးရုံအုပ်ကြီးက ပြောကြားခဲ့သည်။

ထို့အပြင် မိခင်သေနှုန်းလျော့နည်းကျဆင်းရေးအတွက် အရေးတကြီးဆောင်ရွက်ရမည်ဖြစ်သဖြင့် အလှူရှင်များအနေဖြင့် မိမိသွေးလှူဒါန်းရန်အတွက် သည်းခံစောင့်ဆိုင်းလှူဒါန်းပေးကြရန် ဆေးရုံအုပ်ကြီးက တောင်းဆိုပြောကြားခဲ့သည်။

ယခုကဲ့သို့ ပြည်သူများ၊ ရပ်မိရပ်ဖများ၊ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းလျက် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်နေမှုကိုလည်း အထူးလိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ မိမိတို့၏ ပခုက္ကူဒေသအပြင် အခြားဒေသမှ လာရောက်ကုသသည့် လူနာများ၊ ပြည်သူများအတွက် ကျန်းမာရေးလွှမ်းခြုံ ပေးနိုင်တော့မည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပခုက္ကူမြို့ပေါ်မှ စေတနာရှင် သွေးလှူရှင်အသင်းအဖွဲ့များ၊ ကြက်ခြေနီ၊ မီးသတ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်၊ လျှပ်စစ်၊ ကျန်းမာရေး၊ ကော်မတီ (၃)ရပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

# နှစ် ၅၀ ပြည့်အထိမ်းအမှတ် ဆောင်ရွက်မှု ငြိမ်းချမ်းရိပ်မြုံကျောင်းတွင် ပြုလုပ်

**ဘီးလင်း၊ စက်တင်ဘာ ၁၄**

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘီးလင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များသည် အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၅၀ တို့သည် ငြိမ်းချမ်းရိပ်မြုံ ဓမ္မာစရိယ သင်တန်းကျောင်းဝင်းအတွင်းရှိ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ သိမ်းဆည်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# ကျုံလောင်းရွာဟောင်းတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး

**ရေး၊ စက်တင်ဘာ ၁၄**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကျုံလောင်းရွာဟောင်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းခိုင်နှင့် ဝန်ထမ်းများသည် NRC မှတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်းလည်း သိရသည်။

ယင်းနေ့က ကျေးရွာလုပ်သားပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအပါအဝင် နိုင်ငံသားစိစစ်ရေး ကတ် ၇၆ ကတ်အား လက်ဝယ်အရောက် ဦးစီးအရာရှိ ဦးဝင်းခိုင်က ထုတ်ပေးခဲ့သည်။ **ထွဋ်ထွဋ်(ရေး)**

**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ ဆင်ဘိုမြို့၊ အထက၊ ပထမတန်းမှ မဇင်မေလွင်၏ ဖခင်အမည်မှန် မှာ ဦးစန်းမောင်[၁/ဖပန(နိုင်)၀၁၇၄၆၀]ဖြစ် ပါသည်။

**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ ဆင်ဘိုမြို့၊ အထက၊ စတုတ္ထတန်း(A)မှ မမျိုးစန္ဒာဦးနှင့် ပထမတန်း(B)မှ မောင်လပြည့်ဝင်းတို့၏ဖခင် အမည်မှန်မှာ ဦးသိန်းဇော်မျိုးဖြစ်ပါသည်။

**ဖခင်အမည်မှန်**
မိုးကောင်းမြို့၊ အထက်ရေရှင်ရွာ၊ အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှ မစန္ဒီအောင်နှင့် အထက်ရေရှင်(မူလွန်)သတ္တမတန်းမှ မစန်းမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးလှထွန်း(ခ) ဦးဝင်းမြိုင်ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ကြောင်း**
နမ္မတီးရပ်၊ မြို့သစ်ကြီးကျေးရွာနေ၊ ဦးမောင်မြ၏သမီး မချိုချိုမာ[၁/မကတ(နိုင်)၁၂၄၄၀၀]နှင့် မစိန်ဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ခေတ်ရွှေဆောင်
၀၉ ၄၄၉၂၅၀၁၉၁၊ ၀၁-၇၁၀၀၈၂
၀၉ ၄၂၀၀၀၅၂၇၇၊ ၀၉ ၅၀၇၃၉၄၅
အင်းလေးဖောင်တော်ဦးဘုရားပွဲ ၊ လိုင်ကော်၊ တလော၊ ပင်းတယ၊ ထန့်ဆမ်း၊ မွေတော်ကက္ကူ၊ နေပြည်တော်(၇)ရက်၊ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ အပန်းဖြေ (၇)ရက်၊ ခရီးစဉ်တိုင်း-စက်လှေ+ထမင်းကျွေး+တည်း(ငြိမ်း)-၈၀၀၀၀/-
Oct-3
Nov-3
ထွက်မည်

GUSTO
Institute of Information Technology
ယနေ့ ၂၁ရာစုမှာ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုပါသလား?
နိုင်ငံတကာ တက္ကသိုလ်ကြီးများမှ B.Sc.(Hons:) Computing ဘွဲ့ကို ပြည်တွင်း၌ အချိန်တိုအတွင်း စရိတ် သက်သာစွာဖြင့် ရယူ လိုပါသလား?
တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ထားသူများ September Intake သို့ လျှောက်ထားနိုင်ပါပြီ
International Diploma / Degree Program
- HND Diploma in Computing (UK)
- B.Sc.(Hons:) Computing (UK)



Call us:
09-86 28806,
09-730 31302
Admission Office : #289 (A) Pyay Road, Sanchaung, Yangon.

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြုမည့် ဇေယျာစိမ်းလန်းအသင်းအား ဝတ်စုံပေးအပ်

**မြောင်၊ စက်တင်ဘာ ၁၅**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြုစေမည့် ဇေယျာစိမ်းလန်းအသင်းအဖွဲ့အား မြောင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ တူညီဝတ်စုံများပေးအပ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် ညနေ ၄ နာရီက မြောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး ထီးလှိုင်ရှင်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အသင်းသားအသင်းသူ ၈၀ အတွက် တူညီဝတ်စုံများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီးကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပူပြင်းခြောက်သွေ့သော မိမိတို့ဒေသအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပါဝင်သည့် လုပ်ငန်းများဖြစ်သော သစ်ပင်စိုက်ခြင်း၊ ပလတ်စတစ်အပါအဝင် အမှိုက်များ ရှင်းလင်းခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်တားဆီးရေးတို့အတွက် ဇေယျာစိမ်းလန်းအသင်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုတို့ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း၊ မိမိမြို့နယ်၏ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အပါအဝင် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုတို့ကို အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားရာတွင် ထည့်သွင်း ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြောင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်အသီးသီးတို့မှ အုပ်ချုပ်ရေးမှူးများနှင့် ဇေယျာစိမ်းလန်းအသင်းမှ အသင်းသူအသင်းသားများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

ဇေယျာစိမ်းလန်း (မြောင်မြို့နယ်) အသင်းကို စက်တင်ဘာ ၃ ရက်က စတင်တည်ထောင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ခြင်း၊ ပလတ်စတစ်အမှိုက်များရှင်း လင်းခြင်းလုပ်ငန်းများကိုအဓိက ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ပြီးအသင်းသူ အသင်းသားများ လုပ်ငန်းကျွမ်းကျင်မှုရှိရေး သင်တန်းများလည်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ **မြင့်နိုင်စိုး (ထီးလှိုင်မြေ)**



**ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ တာပွန်လေသာကျောင်း တက္ကသိုလ်ဝင်တန်း အခမဲ့ပညာဒါနကျောင်းသို့ စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁နာရီက တာပွန်အလယ်ပိုင်းရပ်ကွက်ရှိ** Ever Smile **မိသားစုမှ ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိသော ရူပဗေဒ၊ ဓာတုဗေဒ၊ ဘောဂဗေဒ အထူးထုတ်စာအုပ်များကို ကျောင်းသား၊ ကျောင်းသူ ၅၁ ဦးတို့အတွက် နာယကဆရာတော် ရွှေကျွန်းတောကျောင်းဆရာတော်အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။** သတင်းနှင့်ဓာတ်ပုံ- ဝ၇၁

# မြန်မာ့ဗိသုကာပညာကို နိုင်ငံတကာခရီးသွားများ အံ့သြစေသည့် တောင်သမန်ကျောက်တော်ကြီးဘုရား

**အမရပူရ၊ စက်တင်ဘာ ၁၄**

အမရပူရမြို့ ဦးပိန်တံတားအရှေ့ထိပ်တွင် ကျောက်တော်ကြီးဘုရားကို ဖူးတွေ့နိုင်ပြီး နိုင်ငံခြားသားခရီးသွားဧည့်သည်များ စိတ်ဝင်စားသောဘုရားဖြစ်သည်။ ကျောက်တော်ကြီးဘုရား၏ ထူးခြားချက်မှာ ဆန်းကျယ်သောမြန်မာ့ဗိသုကာ လက်ရာနှင့် နံရံဆေးရေးပန်းချီများပင်ဖြစ်သည်။ အမရပူရမြို့နယ်အတွင်းတွင် ကျောက်တော်ကြီးဘုရားကဲ့သို့ ထူးခြားသောလက်ရာနှင့် ထူးခြားသော နံရံဆေးရေးပန်းချီရှိသော ဘုရားများမရှိဟု ဆိုထားသည်။

ကျောက်တော်ကြီးဘုရားကို ပုဂံမင်းတရားကြီးသည် ရှေးပုဂံပြည် ထီးလှိုင်ရှင်က ကျန်စစ်မင်းကြီးအား ရဟန္တာအရှင်မြတ်များ ဖန်ဆင်းပြသအပ်နှင်းအပ်သော အာနန္ဒာဘုရား၏ လိုဏ်ဘုံပြာသာဒ်ကို အတုယူတည်ဆောက်ထားသည်ဟု သိရသည်။ ၁၂၁၂ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ ရက် ပုဂံမင်းနှင့် မင်းမိဖုရား၊ မင်းညီမင်းသား၊ စော်ဘွား၊ မြို့စား၊ မှူးမတ်၊ မြို့စားမှူးတော်၊ မတ်တော်တို့နှင့်အတူတကွ ထွက်တော်မူပြီး မဟာသကျရံသီ ကျောက်တော်ကြီးဘုရား လိုဏ်မုခ်ပေါင်းဂူ ပြာသာဒ်ဦး၏ တတိယပစ္စယာအထက် ကွမ်းထောင်တော်တွင် မင်္ဂလာအခါယူ၍ ဌာပနာသွင်းပူဇော်ခဲ့သည်ဟု သိရသည်။

မဟာသကျရံသီ ရုပ်ပွားတော်မြတ် ကိန်းဝပ်ရန်ဘုရား၊ အုတ်ရိုး၊ အင်္ဂတေ မဟာရံတံတိုင်းမီးတားနှစ်ထပ်နှင့်တကွ ဆောက်လုပ်စေပြီး ၁၂၁၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်နေ့တွင် ထီးတင်ပွဲ ကျင်းပနိုင်ခဲ့သည်။ တောင်သမန် ကျောက်တော်ကြီးဘုရား၏ ဗိသုကာလက်ရာမှာ ထူးခြားပြီးအံ့သြဖွယ်ကောင်းသည်။

ကျောက်တော်ကြီးဘုရား ဆင်းတုတော်၏ အနောက်ဘက် မုခ်တံခါးထဲတွင် တံခါးနှစ်ပေါက်ရှိသည်။ လက်ယာဘက် တောင်ဘက်တံခါးသည် အတွင်းထဲမှ ကျောက်တော်ကြီးဘုရားပေါ်သို့ တက်နိုင်သောတံခါးဖြစ်ပြီး ကျောက်တော်ကြီးဘုရား ထုံးသက်နှံးကပ်သည့်အခါတွင်သာ ထိုအပေါက်ကိုဖွင့်ကာ အပေါ်သို့တက်ခွင့်ပေးသည်။ လက်ယာဘက် မြောက်ဘက်အပေါက်မှာ ကျောက်တော်ကြီးဘုရား၏ ထူးခြားသော ဝင်္ကဘာ လမ်းပေါက်ဟု ဆိုကြသည်။ ဝင်ပြီးပါက ထွက်လာနိုင်ခြင်းမရှိကာ လူကိုအသက်သေသည်အထိ အန္တရာယ်ဖြစ်ခဲ့ဘူးသောကြောင့် ထိုတံခါးကို အစဉ်အဆက် ပိတ်ထားခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် တံခါးနှင့်ဗိသုကာလက်ရာအကြောင်းကို စိတ်ဝင်တစားလေ့လာကာ ဓာတ်ပုံမှတ်တမ်းယူပြီး တံခါးနှင့်ဆက်စပ်သည့် ဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာတတ်ကြကြောင်း နယ်ခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **တိမ်တမန်**

## သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆင့်ပွားပညာပေးသင်တန်းဆင်းပွဲကျင်းပ

**ရမည်းသင်း၊ စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနရုံး ခန်းမတွင် သမဝါယမဖွံ့ဖြိုးတိုးတက်ရေး ဆင့်ပွားပညာပေး ရက်တိုသင်တန်း အမှတ်စဉ် (၃/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရမည်းသင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်၊ ဌာနဆိုင်ရာများ၊ မြို့နယ် အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးလှသိန်းထွန်းနှင့် အခြေခံ သမဝါယမ အသင်းသား ၄၀ တို့ တက်ရောက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ရာ သင်တန်းသားများကိုယ်စား (မြတ်ထက်မြက်) လယ်ယာနှင့် အထွေထွေသမအသင်း ဥက္ကဋ္ဌဦးညဏ်ရွှင်က လက်ခံရယူသည်။

သင်တန်းတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကာ သင်တန်းနည်းပြက သင်တန်းသားများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာဖြင့် ထူးချွန်စွာအောင်မြင်သော အထွေထွေသမအသင်းဥက္ကဋ္ဌ၏သား မောင်ဇော်မျိုးထက်အား သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကချီးမြှင့်ပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာနှင့် တစ်ဘာသာလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် သုံးဘာသာအတွက် ငွေကျပ် ၁၅၀၀၀၀ ကို မြို့နယ်သမဦးစီးအရာရှိ ဦးဇော်လင်းက ပေးအပ်ချီးမြှင့်သည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရန်ကုန်စက်မှုဇုန်)၊ မြေကွက်အမှတ်(၃၁)၊ အကျယ်အဝန်း(၂.၀၃၆ ဧက)ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးနိုင်ဝင်း(၁၂/လသန(နိုင်)၀၂၀၂၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ
ဒေါ်မေရည်စိုးဦး LL.B, D.B.L
ဦးဝင်းအောင် LL.B, D.M.L, D.B.L
ဒေါ်ခိုင်ဇင်ဦး LL.B, D.B.L

အထက်တန်းရှေ့နေများ
ဒေါ်ခိုင်ခိုင်စန်း LL.B, D.B.L
ဦးအောင်နိုင်ထူး LL.B
ဒေါ်မေဖွန့်စိုးဦး LL.B, D.B.L, D.I.R, C.B.D.S(MOFA)

စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ

ရုံးချုပ် – အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ – 510760, 510940, 510950, 500643, 502517, 2304311

ဗဟန်းရုံးခွဲ – အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

### ဖခင်အမည်မှန်

အထက(၅) ကမာရွတ် Grade -11(A) တွင် ပညာသင်ကြားနေသော မောင်လွှမ်းပြည့်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဗိုလ်သန်း [၈/မကန(နိုင်)၁၃၄၆၉၂]ဖြစ်ပါကြောင်း။

ဦးဝင်းဗိုလ်သန်း

### အိမ်ရောင်းမည်

မျက်နှာစာ ၅၅ပေ၊ ရှေ့နောက် ပေ၂၃၀၊ အရှေ့ဘက်လှည့်၊ ၈၆ လမ်း၊ ၄၂ × ၄၃ လမ်းကြား၊ မန္တလေးမြို့။

ဖုန်း-၀၉-၂၅၉၃၆၃၆၂၇

### အမည်ပြောင်းလဲခေါ်ဆိုပါရန်

ရန်ကင်း ပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း အဖဦးကျော်ကျော်စိုး[၁၂/ဒဂန(နိုင်)၀၁၄၄၃၁]၏သမီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အဋ္ဌမတန်း(B)မှ မဖူးမြတ်ဟေသီနွယ်အား မဟေသီကျော်စိုးဟု ပြောင်းလဲခေါ်ပါရန်။

### Rising Tide Travel & Tours

တောင်ကြီး၊ ဖောင်တော်ဦး ခရီးစဉ် (၄ညအိပ်-၅ရက်) တစ်ဦးလျှင် ၁၇၀,၀၀၀ကျပ်
တောင်ကြီး၊ ဖောင်တော်ဦး ခရီးစဉ် (၃ညအိပ်-၄ရက်) တစ်ဦးလျှင် ၁၁၀,၀၀၀ကျပ်
ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင် ခရီးစဉ် (၅ညအိပ်-၆ရက်) တစ်ဦးလျှင် ၁၉၀,၀၀၀ကျပ်
Oct ၇ရက် နှင့် / Nov ၅ရက်နေ့များတွင်ထွက်ခွါပါမည်။ ဟိုတယ်၊ စားသောက်ဆိုင်၊ Guide နှင့် ပြည့်စုံသော ဝန်ဆောင်မှု ။

ဗန်ကောက်-အယုဒ္ဓယ-ပတ္တရား (၅ညအိပ်-၆ရက်) Oct 7 ရက်
စင်ကာပူသီးသန့် (၄ညအိပ်-၅ရက်) Oct 8 ရက်
StarCruise၊ Maldives၊ ဖူးခက်၊ ဘာလီ၊ ဟောင်ကောင်၊ ဂျပန်၊ ဥရောပ၊ အမေရိကား ခရီးစဉ်များ။

Address: No.103, 5th Floor, Room(5-B), Kyun Taw Road, Sanchaung Tsp., Yangon.
Pls Contact Us: 09 31 2500 70, 09 430 34 182
e mail: sales@risingtidetravels.com

### firefly Travels & Tours Co., Ltd.

ထိုင်းရိုးယားခရီးစဉ် (7 Days 6 Nights)

Hot Line : 01-391019, 01-376168, 01-371638, 09-254252931, 09-50 26486, Fax : 01-376168

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ

### ခရုသင်းသေမင်းဖြူ

နယ်မှ ဝေးနေသောရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။

ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊ (အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅

### တစ်ဦးတည်းဖြစ်ပါကြောင်း

သုံးခွမြို့၊ အထက(၂)၊ ဒသမတန်း(A)မှ မနှင်းအိစံနှင့်အဋ္ဌမတန်း(A)မှ မအေးငြိမ်းစံတို့၏ဖခင် ဦးသန်းဝင်းနှင့် ဦးသန်းကျော်ဝင်း[၁၂/သခန(နိုင်)၀၂၀၈၁၅]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အား အပြည့်အဝရရှိရေး ဒေသအလိုက် ဆောင်ရွက်မှုများ

## ဆင်ဘိုမြို့

**စက်တင်ဘာ ၁၄**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဆင်ဘိုမြို့တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဓာတ်အားသုံးစွဲသူများ ဓာတ်အားအပြည့်အဝရရှိစေရေး၊ ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးတို့အတွက် မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးသန်းဝင်းဦးနှင့် ဝန်ထမ်းများက အစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆင်ဘိုမြို့ပေါ်(၃)ရပ်ကွက်ရှိ အများပြည်သူများ လျှပ်စစ်ဘေးအန္တရာယ် ကင်းဝေးစေရေးတို့အတွက် လက်ကမ်းကြော်ငြာစာ ဖြန့်ဝေခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဆားဗစ်ကြိုးနှင့် ဓာတ်အားလိုင်းကို (P.G Clamp) များ ဆက်ခြင်းနှင့် လူစည်ကားရာနေရာများတွင် Line To Line များကို (Egg Insulator) များ တပ်ဆင်ခြင်းလုပ်ငန်းများကို စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်သာမြို့

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးဌာနမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် လျှပ်စစ်ဓာတ်အားကျွမ်းကျင်ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်ကြိုးပြတ်ကျမှုကြောင့် လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် (Link Connection) ဓာတ်အားကြိုးထိန်းများ တပ်ဆင်ပေးလျက်ရှိသည်။

တောင်သာမြို့နယ်အတွင်း (Link Connection) ကြိုးထိန်းများ ဦးစားပေးအဖြစ် တပ်ဆင်ပေးရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးမိုးကျော်နှင့် လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများက အများပြည်သူစည်ကားရာ နေရာများတွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ တပ်ဆင်ပေးခဲ့ကြောင်း လျှပ်စစ်ဓာတ်အားကြိုးထိန်းများ တပ်ဆင်ပေးနေသည့် ဝန်ထမ်းတစ်ဦးက ပြောသည်။

ဆက်လက်၍ နေ့စဉ်သွားလာလျက်ရှိသော အများပြည်သူများ လျှပ်စစ်ဓာတ်ကြိုးပြတ်ကျမှုကြောင့် လျှပ်စစ်အန္တရာယ် မဖြစ်ပွားစေရန်နှင့် အန္တရာယ်ရှိနိုင်သော နေရာများတွင် (Link Connection) ဓာတ်အား ကြိုးထိန်းများ တစ်မြို့နယ်လုံး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

## မြင်းမူမြို့

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ဝင်းဦး၊ လျှပ်စစ်ခွဲရုံမှူး ဦးသက်ဇင်နှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၁၂ ရက်က လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ထိစပ်နေသည့် သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ တိမ်းစောင်းနေသည့် လျှပ်စစ်မီးတိုင်များအား တည့်မတ်ခြင်းလုပ်ငန်းများနှင့် ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝအသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် မြင်းမူမြို့နှင့် ၁၄ မိုင် ကွာဝေးသည့် မြောင်မြို့သို့ လျှပ်စစ်ဓာတ်အား ပေးပို့ထားသော (၁၁ ကေဗွီ) လိုင်းအား လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှု မရှိရေး လိုင်းရှင်းလင်းခြင်းနှင့် (ဒီအက်ဖ်) လိုင်းခွဲအသစ်လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးခါး**




# ကလေးမြို့တွင်း ရေကြီးရေလျှံမှုကာကွယ်နိုင်ရေး ဆောင်ရွက်

**ကလေး၊ စက်တင်ဘာ ၁၄**

ကလေးမြို့တွင် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းနှင့် ၃၁ ရက် နံနက်ပိုင်းတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့နှင့် လမ်းမများပေါ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နေ့ရက်များတွင် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များလိုက်ပါလျက် ရေကြီးရေလျှံသည့်နေရာများကို လက်တွေ့ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းသို့ဖြင့် ရေကြီးရေလျှံမှုကာကွယ်နိုင်ရန်အတွက် ဗိုလ်ချုပ်လမ်းဘေးတစ်လျှောက်နှင့် ဘုရင့်နောင်လမ်းဘေးတစ်လျှောက်ရှိ ရေမြောင်းများနှင့် ရေပိတ်မြောင်းများ ဖော်ထုတ်ခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီက စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ကလေးခရိုင် စီမံကိန်းခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အနီးကပ်ကြီးကြပ်လျက်ရှိသည်။

အဆိုပါ ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မှုပြီးစီးပါက မိုးတွင်းကာလတွင် ကလေးမြို့အနိမ့်ပိုင်း ရပ်ကွက်များနှင့် လမ်းမများပေါ်တွင် ရေကြီးရေလျှံမှုများ မဖြစ်ပွားအောင် ကာကွယ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

# နည်းပညာတက္ကသိုလ်(မကွေး)၌ ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲ၊ နှစ်ထပ်အာစီ ဆောက်လုပ်

**မကွေး စက်တင်ဘာ ၁၄**

မကွေးမြို့နယ်၊ကံပြားကျေးရွာအနီးရှိ နည်းပညာတက္ကသိုလ်(မကွေး)တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ငွေလုံး၊ ငွေရင်းရန်ပုံငွေ ကျပ်သိန်း ၃၀၀၀ ခန့်ဖြင့် ဆရာ၊ ဆရာမများ ဝန်ထမ်းအိမ်ယာ ပေ (၁၆၈×၄၈×၂၄) ရှိသော ခြောက်ခန်းတွဲ၊ နှစ်ထပ် အာစီ အဆောက်အအုံကို ဆောက်လုပ်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆောက်အအုံ ဆောက်လုပ်ခြင်း စီမံကိန်းကို အဆောက်အအုံ ပုံစံထုတ်နှင့် စိစစ်ရေးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒေါက်တာညီညီအောင်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ပြီး၊ နည်းပညာတက္ကသိုလ်(မကွေး)မှ ဒေါက်တာထိန်လင်း၊ ဌာနမှူးများနှင့် ကျောင်းဆောက်လုပ်ရေးစိစစ်ရေးကော်မတီများ၏ ကြီးကြပ်အကြံပြုချက်များနှင့်အညီ ‘ပြည့်စုံလျှံ’ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံကို ၂၀၁၄ ခုနှစ်၊နိုဝင်ဘာလကုန်တွင် ပြီးစီးရန်ဆောင်ရွက် မည်ဖြစ်ပြီး PE,AE,SAE များ၏ အနီးကပ် ကြပ်မတ်မှု များဖြင့် စံချိန်စံညွှန်းပြည့်မီစွာ ဆောက်လုပ်လျက်ရှိကြောင်း၊ အနက်ပေ(၇၀၀)ရှိ (၄)လက်မ၊ အဝီစိရေတွင်း တစ်တွင်းကိုလည်း တူးဖော် ပြီးစီးသွားပြီဖြစ်ကြောင်း ‘ပြည့်စုံလျှံ’ ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသက်ခိုင်ဦးက ပြောသည်။

ထပ်မံ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံး၊ ငွေရင်းရန်ပုံငွေဖြင့်လည်း စီမံကိန်းနှင့်ပတ်သက်သော ထပ်မံလိုအပ်ချက်များဖြစ်သည့် မြေအောက် ရေသိုလှောင်ကန်များ၊ ရေစင်များ၊ လမ်းခင်းခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**ကျော်စွာ(မကွေး)**

NELC "Don't Worry, Just Speak!"
NELC
Nelson English Language Centre
Age Over 16
- Intro
- Level-1
- Level-2
- Level-3
- Grammar(Basic)
- Listening/Speaking-1
- IELTS(Foundation) > Taught by Native Speaker

Age 3-5
Pre School
OPENING IN SEPTEMBER

Myaynigone - 01516681,526311,523680 Bo Aung Kyaw - 01256516,256517
Aung Tha Pyay- 01 501947,09 8612639 Yankin- 01 8550727,8550728

ဗုဒ္ဓံ ဓမ္မံ သံဃံ
SEVEN စံ
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုပါသလား?
Seven စံနဲ့ ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"
ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၃၁၉၅၈၉၅၈

ရွှေအိုးဝေ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
သွားဖူးသူတိုင်းပီတိဖြာပါယ်ရှာမလားကုသိုလ်ပွား ရွှေအိုးဝေ နဲ့ခရီးသွား
သံဝေဇနီယလေးဌာနနှင့် အဝိဇဟိတလေးဌာန
အိန္ဒိယ-နီပေါ ၁၁ည/၁၂ရက် ခရီးစဉ်
အောက်တိုဘာ(၆)ရက် နှင့် အောက်တိုဘာ(၂၀)ရက် ခရီးစဉ် အတွက် အထူးဝန်ဆောင်မှုအဖြစ် တစ်ဦးလျှင် စရိတ်ငြိမ်း (ရသိန်း၂သောင်း) ဖြင့် ပို့ဆောင်ပေးပါမည်။
လူဦးရေကန့်သတ်ထားပါသည် (အမြန်စာရင်းပေးမှ စိတ်ချရပါမည်)။
ဘီ-၁၊ အခန်းအမှတ် ၀၀၁/၀၀၂၊ မင်းဓမ္မ၅လမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
☎ ၆၅၆၈၅၄၊ ၆၆၅၂၉၈ ၀၉-၅၁၄၀၆၈၆၊ ၀၉-၄၂၁၀၉၆၃၇၉
၀၉-၂၅၀၅၀၈၅၆၈၊ ၀၉-၃၁၈၆၄၈၃၄
Email: info@shweaoewaitravel.com/shweaoewai@gmail.com
Website : www.shweaoewaitravel.com

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်း(၁၁)၊ တောင်ငူလမ်း၊ မြေကွက်အမှတ်(၈၁)၊ မြေအကျယ် ပေ(၄၀×၆၀)မှ ခြေရင်းပေ(၂၀×၆၀)၊ ထောင့်ကွက်ကို အမည်ပေါက် မြေငှားစာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသူ ဦးစိန်သာထွန်း(CN -၀၁၄၅၆၄) ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကြည်ထွန်း[၁၄/မမက(နိုင်)၁၃၅၄၁၃]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက အထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်သိန်း(စဉ်-၂၂၀၁၉) (အထက်တန်းရှေ့နေ)
တိုက်-၂၊ အခန်း(၁၀၁)၊ ဗိုလ်အောင်ကျော်အိမ်ရာ၊ (၇)ရပ်ကွက်၊
လှိုင်သာယာမြို့နယ်။ ဖုန်း ၀၉-၅၁၈၆၇၉၈

## ဖခင်အမည်မှန်

ဟိုပင်၊ အထက(ခွဲ)၊ အနောက်ကျောင်း၊ သတ္တမတန်းမှ မောင်ဇော်မြတ်အောင်၏ဖခင်အမည်မှန်မှာ ဦးဘရန်ရှောင် ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မထက်ထက်[၁/မကတ(နိုင်)၀၇၄၉၀၁]၏ ပတ်စပို့ No. မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် အကြောင်းကြားပေးပါရန်။
ဖုန်း ၀၉-၄၇၀၃၆၃၅၄

## အမည်မှန်

ဦးကရိုင်ယော်၏သမီး မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အဋ္ဌမတန်းမှ မကရိန်ခေါန်ရိန်၏အမည်မှန်မှာ မကရိုင်ခေါန်ရိန်ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ ဒသမတန်း (B1)မှ မနူးနူးပန်၏ဖခင် အမည်မှန်မှာ ဦးပင်လယ်ဂမ် [၁/မကန(နိုင်)၁၂၁၄၀၄] ဖြစ်ပါသည်။

ဆရာခန့်၏ ဝမ်းပျော့အဆီကျဆေး
မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေး တစ်ခါစား (၂) ပြား
ဖြန့်ချိရေး - ဦးမြင့်ဆွေနှင့်သားများ သိမ်ကြီးဈေး(ဒီ)ရုံ ရန်ကုန်မြို့။

# ပုပ္ပားဒေသထွက် ဩဇာသီးအထွက်နှုန်း ယခင်နှစ်အထွက်နှုန်းကိုမမီ

**ကျောက်ပန်းတောင်း၊ စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားဒေသထွက် ရာသီပေါ်သီးနှံ ဩဇာသီးများလှိုင်လှိုင်ခူးဆွတ်ရလျက်ရှိရာ နတ်ကန်လည်ကျေးရွာ၊ ဆည်ကျေးရွာ၊ ဆင်ဇင်းကျေးရွာ၊ ကျောက်ခွက်နှင့် ဆုံကုန်းကျေးရွာများမှ တစ်ဆင့် ရန်ကုန်ဈေးကွက်သို့ နေ့စဉ်တင်ပို့နေရကြောင်း သိရသည်။

"ဒီရက်ပိုင်းအထိတော့ တစ်နေ့ကို တာ ၃၀၀၊ ၄၀၀ လောက်ပို့ရပါတယ်။ အများဆုံးကတော့ တာ ၅၀၀ လောက်ပေါ့။ မနှစ်က ဒီအချိန်ဆိုရင် တစ်နေ့ကို တာ ၇၀၀ လောက်အထိပို့ရတာဗျ။ ဒီနှစ်က အသီးထွက်နှုန်းနည်းတယ်၊ သိပ်မသီးဘူး။ ဘာလို့ဆို မိုးလေမမှန်လို့ပေါ့။ မိုးလေမမှန်တော့ အပူအအေးမမျှဘူး ဒါကြောင့် အပွင့်ပွင့်တဲ့အချိန်မှာ ကြွေကျတာနဲ့ ခြောက်သွားတာတွေကများပြီး အသီးမတင်တာပါ။ သူ့ရာသီကတော့ သီတင်းကျွတ်လကုန်အထိ ခူးနေရဦးမှာပါ။ ဈေးကွက်ကတော့ ရန်ကုန်တစ်ခုတည်းပါပဲ" ဟု နတ်ကန်လည်ကျေးရွာမှ ဩဇာသီးပွဲစား ဦးကိုမင်းက ပြောသည်။

ဩဇာသီးကို ယခင် ကုန်ကားများဖြင့် ပို့ဆောင်စဉ်က ဒေသအခေါ် တာကြီး၊ တာလေးဟု ခေါ်သည့် ထင်းရှူးသေတ္တာဖြင့် ပို့ဆောင်ပေးရသော်လည်း ယခုအခါ ကုန်ကားဖြင့် သယ်ယူပို့ဆောင်ခြင်းမရှိတော့သဖြင့် Express ကားကြီးများ၏ ဝမ်းဗိုက်တွင် ထည့်သွင်းသယ်ယူရ၍ သယ်ယူမှုလွယ်ကူစေသည့် တာသေးခေါ် သေတ္တာအသေးဖြင့်တင်ပို့ကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ပုံမှန်အသီးပါသည့် တာသေးတစ်လုံးလျှင် ငွေကျပ် ၂၅၀၀၊ ၃၀၀၀ ရောင်းချရပြီး ထူးရှယ်တာသေးတစ်လုံးလျှင် ငွေကျပ် ၄၀၀၀ မှ ၅၀၀၀ အထိရရှိကြောင်း သိရသည်။

အဆိုပါဩဇာသီးများကို ကျေးရွာများမှ ကျောက်ပန်းတောင်းမြို့ပေါ်ရှိ အဝေးပြေး ကားဂိတ်များသို့ နံနက်ပိုင်းတွင် လာရောက်ပို့ဆောင်ကြပြီး ကျောက်ပန်းတောင်းမှ ရန်ကုန်သို့ ညနေပိုင်းတွင်ထွက်ခွာသည့် မှန်လုံယာဉ်များဖြင့် တင်ပို့ကြကြောင်း သိရသည်။

ပုပ္ပားဒေသတွင် နတ်ကန်လည် ကျေးရွာမှ ဩဇာသီး အများဆုံးထွက်ရှိကြောင်းသိရပြီး တစ်ရွာလုံး ဩဇာသီးရောင်းရငွေမှာ တစ်ရာသီလျှင် ဝင်ငွေ ကျပ်သိန်း ၁၀၀ ခန့်ရရှိကာ အဆိုပါ ဩဇာသီးများကို စီးပွားဖြစ်အနေဖြင့် သီးခြား စိုက်ပျိုးကြခြင်းမဟုတ်ဘဲ အိမ်ဝိုင်းခြံစည်းရိုးနှင့် ယာစည်းရိုးများတွင် ပေါက်ရောက်သည့် အပင်များမှ ခူးဆွတ်ရောင်းချကြခြင်းဖြစ်သဖြင့် ပုပ္ပားမြောက်စောင်းမှ တောင်သူများ ရာသီစာ ဩဇာသီးမှ အပိုဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**



## နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီး ပြုလုပ်ပေး

**တာချီလိတ်၊ စက်တင်ဘာ ၁၄**

တာချီလိတ်မြို့နယ်၊ မိုင်းကိုးအုပ်စု၊ ဆီလီငေါက်ကျေးရွာရှိ ဆီလီငေါက်ဘုန်းကြီးကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်က နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ မိုင်းကိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုင်းကပ်ခမ်းနှင့် ကျေးရွာအထောက်အကူပြုအဖွဲ့များ ပါဝင်ကူညီကြပြီး အသက် ၁၀ နှစ်ပြည့် ၃၀၁ ဦးနှင့် အသက် ၁၈ နှစ်ပြည့် ၂၈ ဦး၊ မွေးတိုး ၁၉၁ ဦးနှင့် အိမ်ထောင်စုမိတ္တူ ၂၄၈ ခု ကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့သည်။ **မော်ကြီး(တြိဂံနယ်မြေ)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးတွင် မီးငြှိမ်းသတ်ယာဉ် လွှဲပြောင်းပေးအပ်

**လားရှိုး၊ စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ မြို့နယ်မီးသတ်စခန်းရုံးတွင် စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲက မီးငြှိမ်းသတ်ယာဉ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော မီးငြှိမ်းသတ်ယာဉ်တစ်စီးနှင့် ရေသယ်ယာဉ် တစ်စီးတို့အား သီပေါမြို့နယ်၊ မိုင်းခေးကျေးရွာနှင့် လားရှိုးမြို့နယ်၊ ဟန်နားကျေးရွာသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက မီးငြှိမ်းသတ်ယာဉ်နှင့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ တိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းက လက်ခံရယူခဲ့သည်။

မီးငြှိမ်းသတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ၊ တိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် ခရိုင်မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့် မီးသတ်ဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဟန်ဌေး**(IPRD)

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်သူများကို တောင်သာတွင် ထိရောက်စွာဖမ်းဆီးအရေးယူ

**တောင်သာ၊ စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်တရားရေးဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက တောင်သာမြို့၊ ဘုရားကြီးဈေး၊ စည်ပင်သာယာဈေး၊ နာရီစင်အနီးတို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများနှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများကို ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်အတွင်း ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများကို ယာဉ်အန္တရာယ်လျော့နည်းကျဆင်းစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်၏ စီမံမှုဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စည်းကမ်းမလိုက်နာသူများကို ဖမ်းဆီးအရေးယူရာတွင် ယခင် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ အမှုတစ်မှုလျှင် ဒဏ်ငွေ ၁၅၀၀ နှုန်းသတ်မှတ်၍ ဖမ်းဆီးအရေးယူမှုများဆောင်ရွက်ခဲ့သော်လည်း မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ် စီးနင်းသူများမှာ စည်းကမ်းလိုက်နာမှုအားနည်းနေသောကြောင့် ယခုကဲ့သို့ ဒဏ်ငွေများ တိုးမြှင့် ကောက်ခံကာ ထိရောက်စွာဖမ်းဆီးအရေးယူရခြင်းဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ဆောင်ရွက်ရာ၌ မော်တော်ဆိုင်ကယ်စီးနင်းရာတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ နှစ်ဦးထက် ပိုမိုစီးနင်းသူများနှင့် မော်တော်ယာဉ်များကို ယာဉ်မှတ်ပုံတင် ရှိ-မရှိ၊ ယာဉ်မောင်းလိုင်စင် ရှိ-မရှိ၊ ခရီးသည်များ ယာဉ်ခေါင်မိုးပေါ် တင်ဆောင်မောင်းနှင်ခြင်းများကို စစ်ဆေးပြီး တွေ့ရှိပါက အနိမ့်ဆုံးဒဏ်ငွေ ကျပ် ၃၀၀၀၀မှ အမြင့်ဆုံးဒဏ်ငွေ ကျပ် ၁၀၀၀၀၀ အထိ ဒဏ်ရိုက်နိုင်ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

## သတင်းတို

### စည်းကမ်းမဲ့ယာဉ်များ စစ်ဆေးအရေးယူ

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့တွင် စက်တင်ဘာလဆန်းပိုင်းမှ စတင်၍ မော်တော်ယာဉ်များ စည်းကမ်းစနစ်တကျ ရှိစေရေးအတွက် စီမံချက်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ အုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တရားရေးဌာနတို့ ပူးပေါင်းကာ စစ်ဆေးအရေးယူမှုများကို စက်တင်ဘာ ၁၂ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**နေဝင်းဇော်(မြန်အောင်)**

Silver Star Guest House
Silver Star Guest House သို့ တစ်ကြိမ်လောက် လာတည်းကြည့်ဖို့ ဖိတ်ခေါ်ပါရစေ...
ဝန်ဆောင်မှုနှင့် အသုံးအဆောင်ပစ္စည်းများ
ရပ်ဝေးရပ်နီးမှ ဧည့်သည်များ၊
ရက်ရှည်တည်းခိုမည့်ဧည့်သည်များ
ကုမ္ပဏီအဖွဲ့အစည်းများ၏ ဝန်ထမ်းများ၊
ပြည်တွင်း ပြည်ပ ခရီးသွားဝန်ဆောင်မှု၊
ကုမ္ပဏီများ၏ ဧည့်သည်များ
တစ်ယောက်အိပ်၊ နှစ်ယောက်အိပ်၊ သုံးယောက်အိပ်ခန်း၊
အခန်းတိုင်းတွင် ရေချိုးခန်း၊ အိမ်သာတွဲလျက်၊
Air-con ၊ ရေပူ ရေအေးစက်၊ Minibar နှင့်
Satellite TV၊ (၂၄)နာရီ ရေ၊ မီး
နံနက်စာကျွေးခြင်း အစီအစဉ်ပါရှိပါသည်။
ဘုရင့်နောင်သီရိမွန်ပလာဇာ၊ ဘုရင့်နောင်ပွဲရုံများ၊ ဘုရင့်နောင်ဈေးကြီးနှင့် လှိုင်သာယာစက်မှုဇုန် အနီးတွင် တည်ရှိပြီး အဝေးပြေးကားဂိတ်များနှင့် လေဆိပ်သို့ အချိန်တိုအတွင်း သွားရောက်နိုင်ပါသည်။
Email-silverstarguesthouse1@gmail.com , website-www.silverstarguesthouse.com

နန္ဒင်းလုံးဆေးလုံး ပျို့မေတို့အစဉ်သုံး၊ ကေမ္ဘာနန္ဒင်းလုံး၊
သွေးသားသန့်ရှင်းရောဂါကင်းအသားအရေစိုပြေဆေး
အမှတ် - ၂၈၊ မြောက်ဖက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ရန်ကုန်မြို့၊ဖုန်း - ၅၄၉၁၁၆
1010YR001475

Dawei Beauty Travels & Tours Co., Ltd.
Tour Office : No.136/ C-1, Anawyahtar Road, 10th - Quarter, Botahtaung Township, Yangon
Ph: 01 294326, 01 398683, 01 299401
09 25z4022272, 09 255723554
ရန်ကုန် ~ ထားဝယ် ~ မောင်းမကန် ~ တနင်္သာရီ ခရီးစဉ်

| Trans: | 02 ဦးနှုန်း | 04 ဦးနှုန်း | 06 ဦးနှုန်း | တစ်ယောက်ခန်း |
|---|---|---|---|---|
| Car | 711000 Kyats | 546000 Kyats | 504000 Kyats | 50000 Kyats |
| Flight | 660000 Kyats | 490000 Kyats | 433000 kyats | 50000 Kyats |

Dawei Beauty Travels & Tour မှပြည့်စုံကောင်းမွန်သောဝန်ဆောင်မှုများက လူကြီးမင်းတို့စိတ်တိုင်းကျစီစဉ်ဆောင်ရွက်ပေးနေပါပြီ.....
- Promotion ပွဲများ၊ ဈေးအရောင်းမြှင့်တင်ရေးပွဲများ၊
- ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ်ဝန်ဆောင်မှု၊
- ဗီဇာဝန်ဆောင်မှု၊ နိုင်ငံကူးလက်မှတ်ဝန်ဆောင်မှု၊
- ဧည့်လမ်းညွှန်ဝန်ဆောင်မှု၊
- ပြည်တွင်း ပြည်ပ ဟိုတယ် Reservation၊
- ပြည်တွင်း ပြည်ပ အလည်အပတ်ဘုရားဖူးခရီးစဉ်များ၊
- မြို့တွင်းမြို့ပြင် ကားငှားခြင်းဝန်ဆောင်မှု၊
- အဝေးပြေးကားလက်မှတ်ဝန်ဆောင်မှု၊
- အဆင့်မြင့်ကုန်စည်ပို့ဆောင်ရေး၊
- ဗိမာန်သင်္ဘောလက်မှတ်ဝန်ဆောင်မှုများ၊
- နိုင်ငံခြားငွေကြေးလဲလှယ်ခြင်းဝန်ဆောင်မှု၊
ကုမ္ပဏီ၊ အသင်းအဖွဲ့၊ မိသားစု သီးသန့်ခရီးစဉ်များကို လူကြီးမင်းတို့ စိတ်ကြိုက် စီစဉ် ဆောင်ရွက်ပေးနေပါသည်။

# ၂၅၀ ကေဗွီအေ တိုးမြှင့်ဓာတ်အားလိုင်းသစ်ဖွင့်ပွဲနှင့် စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန် ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများတက်ရောက်

**လေးမျက်နှာ၊ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ အိုင်သပြုတိုက်နယ်၊ အိုင်သပြုကျေးရွာ ၂၅၀ ကေဗွီအေ တိုးမြှင့်ဓာတ်အားလိုင်းသစ်ဖွင့်ပွဲနှင့် စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲတွင် အိုင်သပြု ဈေးပိုင်းရပ်ကွက်နှင့် ရန်ကြီးအောင်ရပ်ကွက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ လေးမျက်နှာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ စည်ပင်ကြီးကြပ် ဥက္ကဋ္ဌနှင့် NGO အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ ၅၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်း၊ စည်ပင်ဝန်ကြီး ဦးကျော်ဝင်းနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ ရပ်မိရပ်ဖ ဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အောင်သပြေနှင့် နံ့သာရည်တို့ကို ပက်ဖျန်းခဲ့သည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်းနှင့် စည်ပင်ဝန်ကြီးဦးကျော်ဝင်းနိုင်တို့က အမှာစကားများပြောကြားပြီး လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဝန်ကြီးများနှင့် စေတနာရှင်များလှူဒါန်းသော အလှူငွေကျပ် ၈၀၄၁၀၀၀ အား လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးလွင်က လက်ခံရယူခဲ့သည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လှူဒါန်းသော စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဝန်ကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ကျေးလက်ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့်အဖွဲ့သည် ခမောက်စုရွာသို့ထွက်ခွာခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် သီရိအောင်မြေ ဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပြီးစီးမှုများ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး လက်ရှိဒေသလိုအပ်ချက်များကို မေးမြန်းရာ ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖဦးသန်းမြင့်က ပညာရေး၊ ရေနုတ်မြောင်းတူးဖော်ရေး၊ လမ်း၊ လျှပ်စစ်မီးလင်းရေး၊ ဘာသာရေးကိစ္စရပ်များ တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းဇော်စိုးက မြစိမ်းရောင်စီမံကိန်းကိစ္စနှင့် လူထုဗဟိုပြုစီမံကိန်းကိစ္စများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဘူတာရုံလမ်း၊ အထကလမ်းတို့အတွက် အလှူငွေများပေးအပ်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းနှင့် အလှူရှင်များက ပညာရေးနှင့် လမ်းများအတွက် ၁၂၈ သိန်း လှူဒါန်းခဲ့ရာ တာဝန်ရှိသူအသီးသီးက လက်ခံ၍ ခမောက်စုအုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ **သီဟ(လေးမျက်နှာ)**

## သီပေါ သီတဂူမျက်စိဆေးရုံတွင် အခမဲ့ကုသပေးမည်

**သီပေါ၊ စက်တင်ဘာ ၁၄**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် ဒေါက်တာရှင်ဉာဏိဿရ ဦးဆောင်လှူဒါန်းမှုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိ အရှင်သူမြတ်၏ ကြီးကြပ်မှုဖြင့် မျက်စိဝေဒနာရှင်များကို စက်တင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ သီပေါ သီတဂူစက္ခုဒါနဆေးရုံ၌ ၂၀ ကြိမ်မြောက် အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း မဟာမြတ်မုနိဘုရားကြီး ဆရာတော်က မိန့်ကြားသည်။

ယင်းသို့ ကုသမှုဆောင်ရွက်ရာတွင် ရပ်ဝေးကျေးလက်ဒေသများမှ လာရောက်ကုသကြသော ဝေဒနာရှင်များကို ဆရာတော်ဦးပညာသီရိက အိမ်အရောက် ခရီးစရိတ်နှင့် ထမင်း၊ ဟင်းလျာများကို အလှူဒါနပြုလျက်ရှိပြီး သဒ္ဓါကြည်လင် ပါရမီရှင်များ၏ လုပ်အားဒါန၊ ငွေကြေးဒါန၊ ပညာဒါနများ ပါဝင်လှူဒါန်းလိုပါက သီတဂူစက္ခုဒါနဆေးရုံ ဖုန်း ၀၉-၅၀၇၀၄၄၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မြေသားလမ်းအား ကျောက်စရစ်လမ်းခင်းခြင်းပြုလုပ်

**ရေစကြို၊ စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီးတွင် မြို့ပြဖွံ့ဖြိုးရေးအတွက် ဆောက်ရွက်လျက်ရှိရာ တိုးတက်လာသော လူနေအိမ်ခြေများနှင့်အညီ မြို့ပြစနစ်ကောင်းမွန်ရေးအတွက် မြို့တွင်းလမ်းများကို အဆင့်လိုက် ရန်ပုံငွေခွဲဝေချထားမှုအရ ဆောင်ရွက်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် သုခဝတီရပ်ကွက်နှင့် လေးရာပြည့် ရပ်ကွက်အား ဆက်သွယ်ထားသည့် စက်မှုလယ်ယာလမ်းကို ယမန်နှစ်က မြေသားလမ်းအဖြစ် ခင်းခဲ့ရာမှ ယခုနှစ်တွင် လမ်းအရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေကို အောက်ခံ ကျောက်ကြီးစီ၍ မြေနီကျောက်စရစ်လမ်းအဖြစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၇၁ သိန်းကျော်ဖြင့် ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခြင်းဖြစ်သည်။ **ဖေထွဏ်းဇော်(ရေစကြို)**

## လက်တွန်းထယ်ထိုး ထွန်စက်အငှားလိုက်သူများ လုပ်ငန်းအဆင်ပြေ

**သာစည်၊ စက်တင်ဘာ ၁၄**



ယခုအခါ မြန်မာနိုင်ငံသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလျက်ရှိရာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် စက်ကိရိယာများကို အသုံးပြုလာကြပြီဖြစ်သည်။ ထယ်ထိုးထွန်ယက်ခြင်းမှ စကာ တလင်းပျောက် စပါးခြွေလှေ့သည်အထိ စက်မှုလယ်ယာပစ္စည်းများ အသုံးပြုလာကြရာ တောင်သူများ အချိန်တိုအတွင်း လုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်နိုင်ပြီဖြစ်သည်။ စပါးစိုက်ပျိုးရာတွင် ထယ်ထိုး ထွန်ယက်ခြင်းလုပ်ငန်းများကို ယခင်က ကျွဲ၊ နွားများဖြင့် လုပ်ကိုင်ရာမှ ယခုအခါတွင် တစ်ပိုင်တစ်နိုင် လက်တွန်းထယ်ထိုး ထွန်ယက်စက်များ အသုံးပြုသူများပြားလာသဖြင့် စက်ဝယ်ယူပြီး အငှားလိုက်သူများ အလုပ်ဖြစ်၍ လုပ်ငန်းအဆင်ပြေကြောင်း သိရသည်။

"ကျွန်တော်တို့ကတော့ ယိုးဒယားထွန်ကိုင်းစက်လို့ ခေါ်ပါတယ်။ ပြီးခဲ့တဲ့ နွေစပါးစိုက်ပျိုးချိန်က ဝယ်ယူထားတာပါ။ ၁၆ သိန်းခွဲပေးရပါတယ်။ အငှားလိုက်တာကတော့ အခု မိုးစပါးစိုက်ပျိုးချိန်မှ စလိုက်တာပါ။ ထယ်ထိုးလို့လည်းရတယ်။ ထွန်လို့လည်းရပါတယ်။ ထယ်ထိုးခနဲ့ ထွန်ခက တစ်နာရီကျပ် ၄၀၀၀ ရပါတယ်။ တစ်နေ့ကို ခုနစ်နာရီလောက် မောင်းရင် ငွေ ၂၈၀၀၀ ရပြီး ဆီဖိုး ၅၀၀၀ နဲ့ စက်မောင်းတဲ့သူအတွက် ၅၀၀၀ နုတ်ရင် စက်ပိုင်ရှင်အတွက် ၁၈၀၀၀ ခန့်ကျန်ပါတယ်။ တချို့ ဧကပြတ် အငှားလိုက်တဲ့သူတွေရှိပါတယ်။ တစ်ဧကကို ၂၅၀၀၀ ရပါတယ်"ဟု စက်အငှားလိုက်သူ အမှတ်(၃)ရပ်ကွက်မှ ကိုအောင်ကျော်က စက်အငှားလိုက်ရပုံကို ပြောသည်။

စက်မှုလယ်ယာခေတ်သို့ ကူးပြောင်းလာပြီဖြစ်ရာ လယ်ယာသုံးစက်ကိရိယာများ တည်ထောင်အငှားလိုက်ခြင်းဖြင့် စက်မောင်းအလုပ်သမားများကို အလုပ်အကိုင်ပေးနိုင်ခြင်း၊ တောင်သူများမှာလည်း ရာသီအချိန်မီ သီးနှံများစိုက်ပျိုးနိုင်ခြင်းနှင့် စက်ထောင် အငှားလိုက်သူများလည်း အလုပ်ဖြစ်လျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**

နိုင်ငံတကာမှ တက္ကသိုလ်များနှင့် ချိတ်ဆက်ပေးမည်
SR International Education Exhibition 2014
စီးပွားရေး၊ နည်းပညာ၊ အင်ဂျင်နီယာ၊ ဆေးပညာ၊ မီဒီယာ၊ ပညာရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ဂီတနှင့်အကပညာ၊ ဖက်ရှင်နှင့်ဒီဇိုင်း၊ ဂိမ္ဘာနှင့်သိပ္ပံ အစရှိသည့် ဘာသာရပ်များကို တစ်နေရာတည်းတွင် လေ့လာနိုင်မည့် အခွင့်အရေးများ
SR International Education Exhibition 2014 ပွဲတွင်
နိုင်ငံတကာမှ တက္ကသိုလ်နှင့် ကျောင်းများပါဝင်၍ ပညာရေး ဆွေးနွေးမှုများ ပြုလုပ်ပေးပါမည်။
Study in
USA, UK, AUSTRALIA, NEW ZEALAND, CANADA, SINGAPORE, JAPAN
တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ၊ IGCSE ဖြေဆိုအောင်မြင်ထားသူများ၊ အဆင့်မြင့်ပညာရေးလေ့လာနေသူများ၊ ဘွဲ့ရရှိထားသူများနှင့် မိဘများလာရောက်လေ့လာပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။
ORGANIZED BY
SR WORLDWIDE EDUCATION
STUDY ABROAD SPECIALIST SERVICES
Level (4), MMC City Campus
47/48, Bahosi Building, Lanmataw Township 11131, Yangon, Myanmar.
www.facebook.com/sr.worldwide.education
Call Us : 09 542 8848, 09 543 8848, 09 514 8848
Date
27.9.2014 (Sat)
Time
1:00 pm to 4:00 pm
Venue
Sule Shangri-La Hotel
(Ball Room)
ကျောင်းလျှောက်လွှာကြေးကင်းလွတ်ခွင့်၊ ပညာသင်ထောက်ပံ့ကြေးနှင့် နေထိုင်စရိတ်ထောက်ပံ့ကြေးများ လျှောက်ထားနိုင်ပါသည်။
အသေးစိတ်သိရှိလိုပါက SR International Education Exhibition 2014 သို့ မည်သူမဆို အခမဲ့ လာရောက်ဆွေးနွေးနိုင်ပါသည်။

(မွေးတောင်ကြီး ခရီးသွားလုပ်ငန်းမှ စီစဉ်သည်)



# သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

ယခင် ~~(8)သိန်း~~ ယခု **(6.6)** သိန်းစရိတ်ငြိမ်း (ယခင် ၁၂ရက်ခရီးစဉ်အစား ၁၅ရက်) ဖွား၊ ပွင့်၊ ဟော၊စံ သာဝတ္ထိ၊ ဝေသာလီ၊ နာလန္ဒာ၊ပတ္တနား၊ ရာဇဂြိုဟ်

ယခင် ~~(9)သိန်း~~ ယခု **(7.7)** သိန်းစရိတ်ငြိမ်း အထက်ဖော်ပြပါ ခရီးစဉ်အပါအဝင် နယူးဒေလီ၊ တပ်ချ်မဟာ

ဈေးနှုန်းလျှော့၍ ဝန်ဆောင်မှုလျှော့မည်မဟုတ်၊ ရန်ကုန်မှ ထွက်ခွာ/ပြန်ရောက်သည်အထိ မည်သည့်အပိုကြေးမှ ထပ်မံပေးသွင်းရန်မလိုစရိတ်ငြိမ်း။

ခရီးစဉ်ရက်များ Oct - 8,15,22,29 Nov - 5,12,19,26 Dec - 3,10,17,24 Jan - 7,14,21,28

အပတ်စဉ် အောက်တိုဘာလမှ ဖေဖြေလကုန်အထိ ဗုဒ္ဓဟူးနေ့တိုင်းထွက်ရှိပါမည်။

- ခရီးစဉ်များအားလုံး (၁၅) ရက်ခရီး
- အသွား၊ အပြန် လေယာဉ်လက်မှတ်
- အိန္ဒိယ၊ နီပေါ ဗီဇာကြေးအပါအဝင်
- အများနည်းတူ စားသောက်/တည်းခိုမှု
- ဂယာနှင့် နယူးဒေလီ (ဟိုတယ်တည်း)
- ဘုရားစုံ၊ နေရာစုံ၊ ဒေသစုံ
- (၁၆)ဦး (၁)ဦးအခမဲ့

ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း (အပေါ်)၊ သိမ်ဖြူကားမောင်းကွင်းရှေ့ ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁-၂၀၀၉၅၂၊၀၉-၅၂၁၁၄၀၂
မန္တလေးရုံးဖုန်း - ၀၂-၂၄၅၆၀ ၊ ၀၉- ၁၀၂၀၉၄၀၈ တောင်ကြီးရုံးဖုန်း - ၀၈၁-၂၀၀၁၇၃ ၊ ၀၈၁- ၂၁၂၂၄၀၂
Hot Line - 01-200952

ရွှေလိုတိုင်းပြည့် ငွေလိုတိုင်းလျှံ

# ရွှေပြည့်ငွေလျှံ® နိုင်ငံကျော် သစ်သီးစုံအမွှေးတိုင် ကို

ဝယ်ယူအားပေးသော မိတ်ပြည်သူများအား အထူးကျေးဇူးတင်ရှိပါသည်။

# ထင်ယောင်ထင်မှား၊ အတုအပ သတိပြုဝယ်ယူ ပူဇော်ပါရန်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါ (Open Tender )ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော သန်လျင်တံတား(မြန်မာ့မီးရထား)၏ (၁-၁၀-၂၀၁၄ မှ ၃၀-၉-၂၀၁၅ အထိ) တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း(၁)နှစ်၊ လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရွေးချယ်ငှားရမ်းသွားမည် ဖြစ်ပါသည်-

**(က) အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်တံတား**
သန်လျင်တံတား

**(ခ) လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ**
မန်နေဂျာ(စီးပွားရေး/တိုင်း)တိုင်းအမှတ်(၇)ရန်ကုန်ဘူတာကြီး(ပထမ)ထပ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံး၊ သန်လျင်မြို့နယ်

**(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်း/ဖွင့်လှစ်မည့်ရက်နှင့်အချိန်**
၂၆-၉-၂၀၁၄ရက်(သောကြာနေ့) ၁၂း၀၀နာရီတိတိ

**(ဃ) အိတ်ဖွင့်တင်ဒါ တင်သွင်း/ဖွင့်လှစ်မည့်နေရာ**
မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီး၊ စခန်းသာညွှေ့ခန်းမဆောင်

မှတ်ချက်။ (၁) အထက်အပိုဒ်ခွဲ(ခ)ပါနေရာများတွင် အိတ်ဖွင့်တင်ဒါ လေလံယှဉ်ပြိုင်ခွင့်ပုံစံနှင့်စည်းကမ်းချက်များအား(၁)စုံလျှင်(၁၀၀၀၀/-)ကျပ်နှုန်းဖြင့် ၁၅-၉-၂၀၁၄ရက်မှစ၍နေ့စဉ် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီထိ (ရုံးပိတ်ရက်အပါအဝင်) ၂၆-၉-၂၀၁၄ရက် ၁၀း၀၀နာရီအထိ ဝယ်ယူနိုင်ပါသည်။
(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ်(၇) ရန်ကုန်ဘူတာကြီး၊ ပထမထပ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၁-၃၉၃၄၂၈၊ ၀၉-၄၉၂၁၃၁၃၀သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံကြီးကြပ်မှုကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး**

## ဒေါ်တင်တင်စိုး(ဘ)ဦးကျော်မြင့်(X/RGN - 006413)နှင့်
## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၅၅)၊ ၅-လွှာ(ဘီ)တွင်နေထိုင်သူ ဦးဌေးအောင် (နိုင်ငံသားအမှတ်-၁၂/ကမတ(နိုင်)၀၀၆၁၈၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဌေးအောင်နှင့် ဒေါ်တင်တင်စိုး(X/RGN-006413)တို့သည် လွန်ခဲ့သည့်(၁၉၉၀)ခုနှစ်မှ စတင်ပေါင်းသင်းနေထိုင်ခဲ့ပြီး မခင်ချမ်းမြေ့ငြိမ်းဆိုသူ သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ လင့်ဝတ္တရားငါးပါးနှင့်အညီ လုပ်ကိုင်ရှာဖွေကျွေးမွေးခဲ့သော်လည်း လူကြီးမင်းဒေါ်တင်တင်စိုးသည် လွန်ခဲ့သည့်(၂၀၁၃)ခုနှစ်၊ နှစ်ဆန်းပိုင်းခန့်ကတည်းက အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်သော အမှတ်-၈၀၈၊ နှင်းဆီ(၁)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ အမှတ်-၅၅၊ ၅-လွှာ(ဘီ)၊ အောင်သပြေလမ်း၊ ကျွန်းလယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေအိမ်၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ ပုလဲမြို့တော်(၃)မင်္ဂလာဒုံမြို့နယ်၏ မြေချပါမစ်နှင့် စာချုပ်စာတမ်းမူရင်း၊ သီရိမင်္ဂလာဈေးသစ်ရှိ ဆိုင်ခန်းအမှတ်-၃၆၃/၃၆၄၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများအား ယူဆောင်၍ နေအိမ်မှ ထွက်ခွါသွားပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းယူဆောင်သွားခဲ့သော အထက်ဖော်ပြပါပစ္စည်းများအား ကျွန်ုပ်၏မိတ်ဆွေ ဦးဌေးအောင်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ပေါင်နှံ၊ ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူများအပေါ် တည်ဆဲဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်တင်တင်စိုးနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စောနင်းအေး(LL.B)
အထက်တန်းရှေ့နေ(စဥ်-၂၄၄၄၅)
ဖုန်း-၀၉-၇၃၀၉၁၈၄၈

ဦးသက်အောင်(LL.B)
အထက်တန်းရှေ့နေ(စဥ်-၄၂၇၀၄)
ဖုန်း-၀၉-၄၀၁၅၄၃၁၀၁

ရုံးခန်း-အမှတ်(၃)၊ နဂါးရုံဘုရားလမ်း၊ မြို့နယ်တရားရုံးရှေ့၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

TRAVEL PALACE (အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးသွားလုပ်ငန်း)
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး 3 N/ 4D
- မန္တလေး၊ ပြင်ဦးလွင် 3 N/ 4D
- ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ စက်စဲ 3 N/ 4D
- တောင်ကြီး၊ အင်းလေး (ဖေါင်တော်ဦးဘုရားပွဲ) 4 N/ 5D

Sep 26, Oct 3, 7
Hotel Package Restuarent ကျွေး
အသင်းအဖွဲ့များအတွက် ခရီးစဉ်မျိုးစုံ စီစဉ်ပေးသည်။
အိမ်အရောက်လက်မှတ်ပို့ပေးသည်။
01-577795, 09-5155170, 09-448025596

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ဓာတ်အားလိုင်းများအား ကြွေသီးအပြစ်ဖြင့် ဓာတ်အားပြတ်တောက်ခြင်းများ မဖြစ်ပေါ်စေရန် လဲလှယ်နိုင်ရေးလိုအပ်သော 11KV Pin Insulator(20000) Nos အား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။ လုပ်ငန်းလိုအပ်ချက်အရ ပစ္စည်းလက်ဝယ်ရှိသူအား ဦးစားပေးမည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၁၅-၉-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၉-၉-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားဝန်ကြီးဌာန၊တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၅၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊၀၆၇-၄၃၁၁၇၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၅-၉-၂၀၁၄ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၈-၉-၂၀၁၄ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်၊ ဗ-၂၊ ဦးပိုင်အမှတ်(၁၀၇)၊ ၅၈×၅၉လမ်းကြား၊ ပိတောက်နှင့်မဥ္ဇူလမ်းကြားရှိ ဦးဘိုလှအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ဖြူဖြူခိုင်[၈/ပခက(နိုင်)၁၆၃၆၅၁]မှ မြေစလစ်၊ မြေကွက်ဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အမှတ်(၄)ကျောင်းစုရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄)နေ ဦးတင်ထွန်းနိုင်(ခ)ဦးကာစင်-ဒေါ်ရီရီလွင်(ခ)ဒေါ်မမကြီးတို့၏သမီး မအိသန္တာထွန်း[၇/ဒဥန(နိုင်) ၁၅၈၀၄၈]သည် မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမနဲ့ဆွေမျိုးများ၏ ဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအားလုံးကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဆွေမျိုးသားချင်းများနှင့် မိဘများ-**
**ဦးတင်ထွန်းနိုင်[၇/ဒဥန(နိုင်)၀၈၁၈၉၄]**
**ဒေါ်ရီရီလွင်[၇/ဒဥန(နိုင်) ၀၅၉၉၄၃]**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အောက်ဖော်ပြပါပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
အရေးပေါ်လူနာဌာန အကြီးစားမွမ်းမံပြင်ဆင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းနှင့်
အရေးပေါ်ခွဲစိတ်ခန်းများအား ခေတ်မီခွဲခန်းဖြစ်စေရန် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း
၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် စုံစမ်းမေးမြန်းရယူနိုင်ပါသည်။
၃။ တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၅-၉-၂၀၁၄ရက်(တနင်္လာနေ့)
အိတ်ဖွင့်တင်ဒါများပိတ်မည့်ရက် - ၁၄-၁၀-၂၀၁၄ရက်(အင်္ဂါနေ့) (၁၆း၀၀)နာရီ

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
## ဇေယျာပဒေသာဖောင်ဒေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေများဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | Desktop Computer Set | ၂၀၀ | |
| ၂ | Photo Copier | ၂၀၀ | |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၅-၉-၂၀၁၄ရက်(တနင်္လာနေ့)
၃။ တင်ဒါပိတ်မည့်ရက် - ၂၃-၉-၂၀၁၄ရက် (အင်္ဂါနေ့)
၄။ တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဇေယျာပဒေသာဖောင်ဒေးရှင်း**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**
**ဖုန်း ၀၉-၃၃၅၆၀၂၆၅၊ ၀၇၁-၂၄၃၈၁**

## ၁၀-၉-၂၀၁၄ရက် ကြေးမုံသတင်းစာပါ ဒေါ်ဥမ္မာလှိုင်[၁၂/ဒလန(နိုင်)၀၀၀၁၁၉၂]၏ အများသိစေရန်ကြေညာချက်နှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာချက်

ကျွန်တော် ဦးမြင့်ကိုကိုနှင့် ဒေါ်ဥမ္မာလှိုင်တို့မှာ လွန်ခဲ့သော ၄-၄-၂၀၀၄ရက်တွင် လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ဒေါ်ဥမ္မာလှိုင်၏ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၈၆/၂၀၁၄ဖြင့် တရားစွဲဆိုသည့်အမှုတွင် နှစ်ဦးပိုင်ပစ္စည်းအဖြစ် ဖော်ပြထားသော ပစ္စည်းများမှာ မဟုတ်မမှန် ဖော်ပြထားသော ပစ္စည်းများသာ ဖြစ်ပါသည်။

ဒေါ်ဥမ္မာလှိုင်မှ အမှတ်(၂၅)၊ တွံတေးကားလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်ရှိ အိမ်နှင့်မြေအား ပစ္စည်းခွဲဝေပေးသည့်စာရင်း၌ ထည့်သွင်းဖော်ပြထားခြင်းသည် နှစ်ဦးပိုင်ပစ္စည်းအဖြစ် မဟုတ်မမှန် ဖော်ပြထားခြင်းသာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ပါ အိမ်နှင့်မြေကို ကျွန်တော်နှင့် ဒေါ်ဥမ္မာလှိုင်တို့ လက်ထပ်သည့်နေ့ ၄-၄-၂၀၀၄ရက်မတိုင်မီ ၂၀၀၃၊ နိုဝင်ဘာလ၁၂ရက်တွင် အိမ်အရောင်းအဝယ်စာချုပ်ပြုလုပ်၍ ရောင်းဝယ်ခဲ့ကြပြီးဖြစ်ရာ အထက်ပါ အိမ်နှင့်မြေမှာ လုံးဝပတ်သက်ခြင်းမရှိပါ။ ကျွန်တော် ဦးမြင့်ကိုကိုသည် ကိုရီးယား-ဂျပန်နိုင်ငံများသို့ (၅)နှစ်ခန့်ကြာ သွားရောက်အလုပ်လုပ်ကိုင် ရရှိသည့်ငွေများကို မိဘများအား မွေးကျေးဇူးဆပ်သည့်အနေဖြင့် ပို့ပေးထားသည့် ငွေများကို ဖခင်ဖြစ်သူမှ ကျွန်တော်၏အမည်ဖြင့် အမည်ငှားဝယ်ယူပေးထားသော အိမ်နှင့်မြေ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ဥမ္မာလှိုင်၏ အများသိစေရန် ကြေညာထားသည့် အမှတ်-၂၅၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်ရှိ အိမ်နှင့်မြေအားလည်းကောင်း၊ တောင်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၈၆/၂၀၁၄ လင်မယားကွာရှင်းပြတ်စဲပြီး ပစ္စည်းခွဲဝေလိုမှုစွဲဆိုသည့် ပစ္စည်းများမှလည်း မဟုတ်မမှန် လုပ်ကြံဖော်ပြထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ကိုကို[၁၂/ဒလန(နိုင်)၀၃၃၅၀၉]**
**အမှတ်(၂၅)၊ ဒလ-တွံတေးကားလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့။**

## အထူးကျေးဇူးတင်ရှိခြင်း
## ဒေါက်တာ မျိုးသော်လွင်
### နာကျင်မှုဝေဒနာကုသရေးဌာန၊ ရန်ကုန်ဆေးရုံကြီး
### အသက်(၄၆)နှစ်

၂၈-၈-၂၀၁၄ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသည့်(ဦးသိန်းလွင်)-ဒေါက်တာဒေါ်အမာအေးတို့၏သား၊ ဦးမောင်မောင်အေး-ဒေါ်ရီရီဝင်းတို့၏သားသမက်၊ ဒေါ်ဝင်းမင်းဖြူ(မန်နေဂျာ၊ မြန်မာ့သဘော်ကျင်းလုပ်ငန်း)၏ ခင်ပွန်း၊ သမီးလေး မခင်ထူးဆက်၏ဖခင် ဒေါက်တာမျိုးသော်လွင် နာမကျန်းဖြစ်စဉ် ကာလတစ်လျှောက် စေတနာအပြည့်ထား၍ အထူးဂရုစိုက်ပြုစုကုသပေးခဲ့ကြသော ခုတင်(၅၀၀)ဆံ့ ရန်ကုန်ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာဦးဝင်းနိုင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းဆွေနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ရန်ကုန်ဆေးရုံကြီးမှ ပါမောက္ခများ၊ နာကျင်မှုဝေဒနာကုသရေးဌာနမှ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဈာပနကိစ္စအဝဝတွင် မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးခဲ့ကြသော မြန်မာ့သဘော်ကျင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုးနှင့်ဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ အထူးသဖြင့် ဘဏ္ဍာရေးဌာနမှ ဝန်ထမ်းများ၊ အထက(၂)ကမာရွတ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကူညီခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## (၁၀)လပြည့် လွမ်းဆွတ်သတိရခြင်း
## ဒေါ်အုန်းကြင်(ပျော်ဘွယ်)
### ၁၅-၁၁-၂၀၁၃ မှ ၁၅-၉-၂၀၁၄

မိသားစုအပေါ် မိခင်ဝတ္တရားများ ကျေပွန်ပြီး မိသားစု၏ လိုအင်ဆန္ဒအဝဝကို ဖြည့်ဆည်းကာ ညှာတာခဲ့သော ချစ်မေမေအား တစ်နေ့မှမေ့မရပါ။ ခွဲခွာသွားတာ (၁၀)လပြည့်ပေမယ့် ယနေ့တိုင်လွမ်းဆွတ်သတိရလျက်ပါ။

လစဉ်ပြုလုပ်သော ရည်စူးကုသိုလ်လှူဒါန်းမှု အစုစုအတွက် အမျှပေးဝေပါတယ်၊ သာဓုခေါ်နိုင်သည့် ဘုံဘဝသို့ရောက်ခဲ့လျှင် အမျှယူနိုင်ပါစေသော်။

**ဖေဖေ - ဦးရွှေအောင်(ခေတ္တစင်ကာပူ)**
**သား - ကိုဇော်မိုးအောင်-မစပယ်**
**သမီး - ကိုအေးမင်းလွင်-မသက်ထားအောင်**
**မြေးများ - မေသကြဲန်၊ မင်းပြည့်စုံ၊ ကျွတ်ကျွတ်၊ ဆုန်ဆုန်**

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**
## ဦးနန်းဆွေ B.A(1954) Y.U
### အသက်(၈၄)နှစ်
**ဦးစီးအရာရှိ(အငြိမ်းစား)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြိတ်/သထုံ)**

ရန်ကုန်မြို့နေ (ဦးနန်းညွန့်) [အတွင်းဝန် (အငြိမ်းစား)၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]-(မင်းကတော်ကြီးဒေါ်ခင်ခင်စိန်) မြိတ်မြို့၊ ဈေးတန်းရပ်တို့၏ တစ်ဦးတည်းသောသား၊ မော်လမြိုင်မြို့၊ အမှတ်(၁၃၉)၊ သိမ်ကုန်း(၂)လမ်းနေ [ဦးစောဖေ (မြေစာရင်းအင်စပက်တော်)-ဒေါ်စန်းတင့်] တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၁၇၈)၊ စိန်ပန်းလမ်း၊ အိမ်ရာဝင်း၊ ၁၀/တောင် ရပ်ကွက်နေ ဒေါ်ဇင်မေဦးဆွေ(ခ) ဒေါ်မေရီ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထွန်းကို (Trade Wind)-မမိမိမေဇင်နန်းဦးဆွေ၊ ကိုနန်းလှိုင်ဦးဆွေ၊ ကိုနန်းခိုင်ဦးဆွေ (Maritime Support Services Pte, Ltd) - မခင်လေးသွယ် (မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊နေပြည်တော်)တို့၏ မွေးသဖခင်၊ မောင်ဟိန်းဆက်ဟန်ထွန်း၊ မကေဇင်ဝင့်ဟန်ထွန်း၊ (ပဉ္စမတန်း-B၊ ထ-၂၊ ဗိုလ်တထောင်)၊ မေသံသာမောင်တို့၏ အဘိုးသည် ၁၂-၉-၂၀၁၄ရက် ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီအီဗရာဟင်ဂူလမ်(ခ) ဟာဂျီဦးမောင်မောင်(ခ) ဟာဂျီအီဘူးဘိုင် (၇၅)နှစ်
**ဂူလမ်အပ်ချုပ်ဆိုင်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၃၄၁)၊ မြေညီထပ်နေ [ဦးလှမောင်(ခ)ဂူလမ်မို ဟီယွတ်ဒင်-ဒေါ်မရီရမ်ဘီဘီဝါနီယာ]တို့၏သား၊ (တီလာမိုဟာမက်ခန်း-ဒေါ်အိုက်ရှာဘီဘီ)တို့၏သားသမက်၊(ဒေါ်ရရှီဒါဆူလ်တာနာ)၏ခင်ပွန်း၊ (ဟာဂျီမ ဒေါ်ရဘီယာ)၊ ဦးဝင်းမောင်(ခ)ဘာဘူဘိုင်-ဒေါ်ရှရီဖာ၊ ဟာဂျီဦးအီမရန်-(ဒေါ်ခတီဇာ)တို့၏ အစ်ကို၊ ဟာဂျီဦးခင်ဇော်-ဒေါ်စန္ဒာဝင်း၊ မော်လဝီဟာဖစ်(ဇ်) မိုဟာမက်မူဆာ-ဒေါ်သန္တာဝင်း၊ ဟာဂျီဦးဇော်နိုင်-ဟာဂျီမဒေါ်ခင်မာဆွေ၊ ဟာဂျီဦးသိန်းဇော်-ဟာဂျီမဒေါ်လှလှဝင်း၊ ဟာဂျီအာဇမ်(ခ)ဟာဂျီဦးဇော်မင်း၊ ဦးမောင်ငယ်-ဒေါ်ဟေမာမောင်တို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၁၂-၉-၂၀၁၄(သောကြာနေ့) ည ၉း၃၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၃-၉-၂၀၁၄ (စနေနေ့)တွင် (၂၉)လမ်း၊ ဒါရ်ဂါ ဗလီတွင် ဇိုဟိုရ်နာမာဇ်ဝတ်ပြုပြီး ရေဝေး စွန္နီကာဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မိုင်စိန်ပွင့်
### အသက် (၇၈)နှစ်

သူငယ်ချင်း ဗိုလ်ကြီးစိန်လွင်(ငြိမ်း)၏မိခင် ဒေါ်မိုင်စိန်ပွင့်သည် ၁၂-၉-၂၀၁၄ (သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၅)မှ သူငယ်ချင်းများ**

---

## (၆)လပြည့်လွမ်းဆွတ်သတိရခြင်း
## ဒုတိယရဲမှူးကြီးသန်းဆွေ(OTS-71)

ဖေဖေ သမီးတို့မိသားစုကို ခွဲသွားတာ ဒီနေ့ဆို(၆)လပြည့်ပြီနော်။ ဖေဖေကိုယ်တိုင်ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေနဲ့အတူ စိတ်သဘောထားဖြောင့်မတ်မှန်ကန်တဲ့ဖေဖေ ကောင်းရာဘုံဘဝရောက်ရှိနေပြီလို့ ယုံကြည်ပါတယ်။ ဖေဖေ့အတွက် ရည်စူးပြီး နေ့စဉ် လစဉ်ပြုလုပ်ပေးတဲ့ ကုသိုလ်ကောင်းမှုတွေကို ဖေဖေရောက်လေရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ဖေဖေ့ဂုဏ်ကျေးဇူးများကို အမြဲသတိရလျက်

**ဇနီး-ဒေါ်ခင်သီတာမြင့်၊ သမီး-မအိမွန်ထက်၊ မမြတ်ဆုမွန်**

---

## (၆)လပြည့်လွမ်းဆွတ်သတိရခြင်း
## မရှင်းသန့်နေထွန်း အသက်(၁၀)လ
### (၁၅-၃-၂၀၁၄)

**ချစ်တဲ့မီးငယ်လေးရေ**

ဖေဖေ၊ မေမေနဲ့မမ တို့ကိုခွဲသွားတာ ဒီနေ့ဆို(၆)လပြည့်ပြီနော်။ ဖေဖေတို့ရင်ထဲမှာတော့ သမီးလေးအမြဲတမ်းရှိနေမှာပါ။ မီးငယ်ကို ရည်စူးပြီး၊ ပြုသမျှကုသိုလ်ဒါနအစုစုကို မီးငယ်လေး အေးချမ်းမြင့်မြတ်သော ဘုံဌာနမှ ကြားရ၊ မြင်ရ၊ တွေ့ရပြီး သာဓုခေါ် ဆိုနိုင်ပါစေ။

**မီးငယ်လေးကို သတိရနေတဲ့**
**ဖေဖေ-ဗိုလ်မှူးနေဝင်းထွန်း**
**ဒု-တပ်ရင်းမှူး ခ. လ. ရ(၁)**
**မေမေ-ဒေါ်အိသန္တာကျော်**
**မမ-မသံသာနေထွန်း**

---

## ဦးလှမောင်(မြောင်းမြ) (၉၅)နှစ်
**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**
**(မြောင်းမြမြို့နယ်အသင်း ဂုဏ်ထူးဆောင်နာယက)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ်(၅၀)နေ (ဦးကြာမန်း-ဒေါ်အေးညွန့်)တို့၏သား၊ (ဦးစစ်တင်-ဒေါ်ကျော့)တို့၏သားသမက်၊ (ဒေါ်ဘိုမ)၏ခင်ပွန်း၊ ဦးဝင်းသန်းတင်-ဒေါ်ခင်မြင့်မြင့်၊ (ဦးစိုးအောင်)-ဒေါ်လှလှ၊ ဦးမြတ်ဦး-ဒေါ်ခင်ဌေးရီ၊ (ဦးသန်းအောင်)၊ ဦးဌေးမောင်-ဒေါ်ကျုံးနိုဒိမ်၊ ဦးမြသန့်၊ ဦးသိန်းထိုက်၊ ဦးကျော်ဆန်းထွန်း-ဒေါ်သီတာ၊ ဒေါ်စန္ဒာထွေးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၃-၉-၂၀၁၄(စနေနေ့) နံနက် ၀၀း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများနံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယိကာမကြီး**
## ဒေါ်ကြူကြူဝင်း(မစု) (၅၇)နှစ်
**ဒါရိုက်တာ၊ ထက်အာကာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

ရန်ကုန်မြို့၊ တိုက်(၂၇)၊ အခန်း(၁၃)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေ (ဦးဝင်းအောင်)-ဒေါ်မြရွှေတို့၏သမီး၊ ပြင်ဦးလွင်မြို့နေ (ဦးတင်အောင်)-ဒေါ်နွဲ့နွဲ့ခင်တို့၏ သမီးချွေးမ၊ ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်နုနုဝင်းတို့၏ညီမ၊ ဦးဇာနည်အောင်-ဒေါ်ချိုချိုဝင်း၊ ဦးဟန်ဌေးအောင်၊ ဦးရဲဝင်း-ဒေါ်ထားထားဝင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၂၀)၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၆)ရပ်ကွက်၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဦးမြင့်ဟန်(မန်နေဂျင်းဒါရိုက်တာ၊ ထက်အာကာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၏ဇနီး၊ မမြတ်မွန်ဟန်၊ မဝင်းလဲ့ရွှေရည်တို့၏မိခင်သည် ၁၃-၉-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်အေးရင်
### အသက်(၈၈)နှစ်
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ တောင်ကုတ်မြို့**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဗိုလ်မှူးကြီးထွေးလှ(ငြိမ်း)-ဒေါ်စန်းစန်းမော် အလပြ(ငြိမ်း)တို့၏ မိခင်ကြီးသည် ၁၀-၉-၂၀၁၄ ရက် ည ၈း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေသကြီးကြပ်ရေးမှူးနှင့်ဝန်ထမ်းများ**
**ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**
**လားရှိုးမြို့။**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဦးချစ်ညီညီ
### အသက်(၆၈)နှစ်
**အေးမေတ္တာဆေးကုခန်း**

ဦးမင်းညီအေး(CEO)၊ ဒေါ်ဇင်မြင့်မောင်(MD,Uranus Co., Ltd.)တို့၏ဖခင် ဒေါက်တာဦးချစ်ညီညီ အသက်(၆၈)နှစ်သည် ၉-၉-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Uranus Co., Ltd.(မိသားစု)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စိန်တုတ် (၆၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ရွာသစ်အနောက်၊ ကန်ဦးကျောင်းလမ်း၊ အမှတ်(၆၇၈)နေ ဆရာကြီး ဦးမင်းလွင်၏ဇနီး၊ မခင်အုန်းလွင်(All Super) (Asia Rose Manufacturing Co., Ltd)၏ မိခင် ဒေါ်စိန်တုတ်သည် ၁၀-၉-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**MD, ဒါရိုက်တာနှင့်**
**Asia Rose Manufacturing Co., Ltd. မှ**
**ဝန်ထမ်းမိသားစုများ**

---

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**
## ဒေါ်မြင့်(ရှမ်းတဲကြီး) (၈၈)နှစ်

သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၁၉၀)နေ [ဦးကျော်စိန် (စည်ပင်-ငြိမ်း)၏ဇနီး၊ ဒေါ်ဌေးဌေးဝင်း (မြို့နယ်တရားသူကြီး-ငြိမ်း)၊ ဦးမြင့်စိန်-ဒေါ်မြင့်ရှိန် (ဆသရ-ငြိမ်း)၊ (ဦးအောင်ဝင်းထွန်း)-ဒေါ်ကြူကြူသင်းတို့၏မိခင်၊ ကိုအောင်ကျော်မိုး-မမိုးမိုးသူ၊ ကိုပြည့်စုံတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားသည် ၁၃-၉-၂၀၁၄(စနေနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သန်းနွဲ့ (၇၈)နှစ်

ဦးလှိုင်-ဒေါ်သန်းတင်တို့၏သမီးကြီး၊ အမှတ်(၁၅၃)၊ (၃၇)လမ်း၊ ဒုထပ်(ဝဲ)၊ ကျောက်တံတားမြို့နယ်နေ [ဦးလှမြင့်သိန်း (အကောက်ခွန်ဦးစီးအရာရှိ)]၏ဇနီး၊ ဦးခင်မောင်ချို-ဒေါ်စန္ဒီလှမြင့်၊ ဒေါ်ရူပီလှမြင့်တို့၏ချစ်လှစွာသောမိခင်၊ ပိုးဉချို၊ နှင်းဉချို၊ မင်းသုချိုတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၂-၉-၂၀၁၄ (သောကြာနေ့) နံနက်တွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဘိုကြီး(ပုသိမ်) အသက်(၈၀)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း) ဦးဝင်းဖေ-ဒေါက်တာခင်ကျော့ယဉ်တို့၏ဖခင် ဦးဘိုကြီး(ပုသိမ်)သည် ၉-၉-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာမှူးကြီးနှင့် ရုံးဝန်ထမ်းများ**
**ခရိုင်အင်ဂျင်နီယာမှူး(ဥတ္တရ/ဒက္ခိဏခရိုင်)နှင့် ရုံးဝန်ထမ်းများ**

---

## အထူးလွမ်းဆွတ်ကြေကွဲခြင်း
## မလဲ့ဝေလှိုင်(ခ)ကဲကဲ(ခ)အိမ့်ချစ်ပိုင်
### အထက(၂) စမ်းချောင်း (ကျောင်းသူဟောင်း)
### အသက်(၃၁)နှစ်

ကဲလေးရေ. . . သွားအတူ၊ လာအတူ၊ စားအတူ၊ မိသားစုရင်ခွင်မှ ရုတ်တရက်ခွဲခွာသွားသည့်အတွက် ဘဝဆက်တိုင်း ဒီလိုရောဂါဆိုးမျိုးနဲ့ မကြုံရပါစေနဲ့လို့ ဆုတောင်းပေးပါတယ်။ ကဲလေးအတွက် ပြုသမျှကုသိုလ်အဝဝကို ရောက်ရာဘုံဘဝကနေ သာဓုခေါ်ဆိုနိုင်ပါစေ။

**အဘွား၊ ဖေကြီး၊ မေကြီး၊ ချစ်ခင်ပွန်း၊ ဦးဦး၊ ဒေါ်ဒေါ်**
**ကိုကို၊ မမနှင့် တူ၊ တူမများအားလုံး**

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီအဗ်ဒူရ်ရရှီးဒ်(ခ)ဟာဂျီဦးစိုးမောင် (၄၉)နှစ်
**(မန္တလေးသံဆိုင်-ကုန်မာပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး)**

ကျောက်မဲမြို့နေ (ဟာဂျီဦးအီဗ်ရာဟင်မ်-ဟာဂျီမဒေါ်ကွလ်ဆူးမ်ဘီ) တို့၏ သား၊ တောင်ကြီးမြို့နေ ဟာဂျီ ဦး A ဂဖွားရ်-ဟာဂျီမဒေါ်မရ်ယမ်ဘီတို့၏သားသမက်၊ မန္တလေးမြို့၊ (၂၅)လမ်း၊ (၈၃×၈၄)လမ်းကြားနေ ဟာဂျီရှိုအိုက်(ခ)ကိုနေလင်းစိုး-ဟာဂျီမဆိုမိုင်ယာ(မန္တလေးသံဆိုင်)၊ ဟာဂျီဆာလ်မန်း-ဟာဂျီမလှဗ္ဗနား၊ ဟာဂျီဇိုဟိုင်ရ်၊ ဆိုဟိုင်းတို့၏ဖခင်၊ မိုဟမ္မဒ်အိုဇေးရ်၏ အဘိုး၊ ဟာဂျီမခိုင်ရွန်နီဆာ(ခ)ဟာဂျီမဒေါ်ခင်မာဝင်း၏ခင်ပွန်းသည် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၉-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် မန္တလေးမြို့ စူရတီဗလီတွင် ဂျနာဇာနမားဖတ်၍ အေးရိပ်ငြိမ်ကဘ်ရပ်စ် သဘာန်သို့ ပို့ဆောင်ဒဖွာနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (လိုက်ပါပို့ဆောင် ကူညီဆောင်ရွက်ကြသော ဆွေမျိုးများ၊ သူငယ်ချင်းများ၊ ဘာသာရေးအဖွဲ့အစည်းမှ လူကြီးမင်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစံထွန်း (၈၂)နှစ်
### စက်မှုလယ်ယာ(ငြိမ်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ တိုက်(၁၄၀/၅)နေ (ဦးဘိုးကျော့-ဒေါ်မိုးစိန်)တို့၏သား၊ (ဒေါ်သီသီ)၏ခင်ပွန်း၊ ဒေါ်တင်ဇာဝင်း(အောင်စေတမန် ရတနာရွှေဆိုင်)၊ ဦးအောင်ကျော်ဦး (UNITEAM MARINE CO., LTD.)-ဒေါ်စန္ဒာဝင်း၊ ဦးစောဝင်း-ဒေါ်သူဇာဝင်း၊ ဒေါ်ဥမ္မာဝင်း(ယူနိုက်တက်အမရဘဏ်)၊ ဦးညီညီထွန်း (N.N.T Transport Co., Ltd., N.N.T Construction Co., Ltd.)-ဒေါ်ဝေဝေလင်း၊ ဦးစန်းငွေထွန်း (N.N.T Transport Co., Ltd., N.N.T Construction Co., Ltd.)-ဒေါ်ထူးမာလွင်တို့၏ဖခင်ကြီး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၁-၉-၂၀၁၄ (ကြာသပတေးနေ့) ည ၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၄(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဦးဘိုးမှို
### အသက်(၈၁)နှစ်
**မြို့နယ်မြေစာရင်း၊ဦးစီးမှူး(ငြိမ်း)**
**လားရှိုးမြို့**

